ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြေို ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 15 December 2022 ၁၀၉၅၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ မိဘပြည်သူညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား**

ယနေ့ကျရောက်သည့် (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ရခိုင်ပြည်နယ်နေ့သည် ရခိုင်တိုင်းရင်းသားတို့အတွက် အရေးပါသော နေ့ရက်များစွာအနက်မှ ထူးထူးခြားခြားရှိသော နေ့တစ်နေ့ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီဇင်ဘာလ (၁၅) ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မချမ်းဘော့မြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၊ ရဝမ်ယဉ်ကျေးမှုပြတိုက် ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကောင်းမှုလုံကျေးရွာ နမ့်ကျို (မလိခ) မြစ်ကမ်းနံဘေးတွင် တည်ထားကိုးကွယ်သည့် ရွှေဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ○**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မချမ်းဘော့မြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

# ကြေးမုံ

## မြန်မာ့နိုင်ငံရေးကိုသင်ခန်းစာယူ ညီညွတ်မှုဖြင့်နိုင်ငံတည်ဆောက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၁၃ ရက်နေ့က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်၌ မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို ပြန်ကြည့်လျှင် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ မျက်မှောက်ကာလအထိ ပြည်တွင်း/ပြည်ပမှ မသမာသူတို့၏ သွေးခွဲမှုအမျိုးမျိုးတို့ကြောင့် အချင်းချင်း စိတ်ဝမ်းကွဲမှုများကို တွေ့ရမည်ဖြစ်သည်။

ကိုလိုနီနယ်ချဲ့အစိုးရက တောင်တန်းပြည်မ သွေးခွဲအုပ်ချုပ်မှုပုံစံအမျိုးမျိုးဖြင့် ခွဲခြားအုပ်ချုပ်ခဲ့သောကြောင့် တိုင်းရင်းသားများကြားတွင် အယူအဆကွဲပြားမှုများဖြစ်လာပြီး ပဋိပက္ခများ ယနေ့ထက်တိုင်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိလာသောအခါ သွေးခွဲခဲ့သည့် ဆိုးမွေများကြောင့် ပဋိပက္ခများဆက်လက်ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောအခါ ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့ အားပြိုင်မှု၊ ယုံကြည်ချက်၊ ခံယူချက်၊ အယူဝါဒကွဲပြားမှုတို့ကြောင့် လက်နက်ကိုင်ပုန်ကန်မှုများအထိ ဖြစ်ပေါ်လာခဲ့သည်။ ကိုလိုနီစနစ်၏ သွေးခွဲမှုနှင့် အာဏာရပါတီများအကြား ဝါဒပြိုင်မှုများကြောင့် ကမ္ဘာပေါ်တွင် လက်နက်ကိုင်ပဋိပက္ခအများဆုံး နိုင်ငံဖြစ်လာခဲ့သည်။

တပ်မတော်သည် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် ဖြစ်ပေါ်ခဲ့သော အားနည်းချက်များကို သင်ခန်းစာယူ၍ ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံ့တာဝန်ယူခဲ့သောအခါ ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်သို့ ပြောင်းလဲနိုင်ရေး ဆောင်ရွက်ခဲ့သည်။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန် ဒီမိုကရေစီစနစ်နှင့်ဆီလျော်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားပြည်သူလူထုနှင့်အလွှာပေါင်းစုံမှ အဖွဲ့အစည်းကိုယ်စားလှယ်များပါဝင်သည့် အမျိုးသားညီလာခံတွင် ဆွေးနွေးအတည်ပြုပြီး ပြည်လုံးကျွတ်ဆန္ဒခံယူ၍ ပြည်သူများ၏ ထောက်ခံအတည်ပြုမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသော ဒီမိုကရေစီအစိုးရပထမသက်တမ်းတွင် နိုင်ငံတော်ကို တပ်မတော်နှင့်အတူလက်တွဲ၍ တည်ဆောက်ခဲ့သည်။

ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းတွင် အစိုးရ၏ အတွေ့အကြုံမရှိမှု၊ စီမံခန့်ခွဲမှု အားနည်းမှုများကြောင့် စီးပွားရေးကျဆင်းမှုများဖြစ်ပေါ်လာပြီး ထိုစဉ် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူမှုစီးပွားဘဝများတွင် ထိခိုက်မှုများ ပိုမိုဖြစ်ပေါ်လာခဲ့သည်။ ထို့အပြင် နိုင်ငံရေးကိုအသုံးချ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် လွဲမှားသောလုပ်ဆောင်မှုများ ဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ဒီမိုကရေစီ တတိယသက်တမ်းအတွက် ရွေးကောက်ပွဲပြုလုပ်သောအခါ အာဏာရပါတီသည် အနိုင်မဲများရရှိရေးအတွက် မဲမသမာမှုများပြုလုပ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ အာဏာရပါတီသည် ကြုံတွေ့ရမည့်ပြဿနာများကို ရင်ဆိုင်ရာ၌ အစောပိုင်းကာလကတည်းက ပြည်သူများအကြား၊ လူ့အသိုက်အဝန်းများအကြားတွင် သဘောကွဲလွဲမှုအမျိုးမျိုးတို့ကို ဖန်တီးခဲ့ကြသည်။ တပ်မတော်သည် နိုင်ငံတော်၏တာဝန်များကို အခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သောအခါ နိုင်ငံရေးအရ ပြည်သူများအကြား သွေးခွဲပေးခဲ့သည့်ရလဒ်များအဖြစ် ဆူပူအကြမ်းဖက်မှုများ ပေါ်ပေါက်လာသည်ကို တွေ့ရမည်ဖြစ်သည်။

တိုင်းပြည်ကို မည်သို့သောအခြေအနေ ဖန်တီးခဲ့ကြသည်ဖြစ်စေ တပ်မတော်သည် အများပြည်သူတို့၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက် ဆက်လက်လုပ်ဆောင်နေပြီး ထိုလမ်းကြောင်းပေါ်မှ သွေဖည်သွားမည်မဟုတ်ပေ။ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ့တာဝန်ကိုယူထားခြင်းဖြစ်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်ပတ်သက်၍ မဲမသမာမှုများဖြစ်ပေါ်ခဲ့သည်ကို အကြောင်းပြု၍ နိုင်ငံအတွင်း စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ အချင်းချင်း သဘောကွဲလွဲမှုများ တာရှည်ဖြစ်ပေါ်လာပါက စည်းလုံးညီညွတ်မှုပျက်ပြားပြီး တိုင်းပြည်ပြိုကွဲပျက်စီးနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများဖြစ်ခဲ့သည့် သင်ခန်းစာများရရှိခဲ့ပြီးဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး စုစည်းညီညွတ်သည့်အင်အားဖြင့် ခိုင်မာသည့် စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ရန်အတွက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်နေသည့် ရည်မှန်းချက်များအောင်မြင်အောင် ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## စဉ့်ကူးမြို့နယ်၌ လူငယ်များဗလငါးတန်ဖြင့်ပြည့်စုံစေရန် လူငယ်စကားဝိုင်းကျင်းပ



**စဉ့်ကူး ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် လူငယ်များ ဗလငါးတန်ဖြင့် ပြည့်စုံစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၉ နာရီက စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းကိုဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလွင်က လူငယ်စကားဝိုင်းကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ Grade-11 မှ ကျောင်းသား မောင်ရဲဇော်ထက်က လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-8 ကျောင်းသူ မသွန်းစက်ရတီအောင်က လူငယ်နှင့်ရည်မှန်းချက် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-8 ကျောင်းသူ မရတီလင်းလက်က လူငယ်နှင့်နည်းပညာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 ကျောင်းသူ မမြသင်းချယ်က လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-8 ကျောင်းသား မောင်ရဲပြည်ဟိန်းထက်က လူငယ်နှင့်မျိုးချစ်စိတ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 ကျောင်းသား မောင်အောင်ရှိန်းခန့်က လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်ဖြင့်လည်းကောင်း အစရှိသည့် ခေါင်းစဉ်ပါအကြောင်းအရာများကို ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် ကာကွယ်တားဆီးရေး ပညာပေးဟောပြော

**ပန်းတောင်း ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျောက်ဖူးကျေးရွာအုပ်စု အမှတ်(၉) ကာကွယ်ရေးပစ္စည်းစက်ရုံ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ညီက အဖွင့်အမှာစကား ပြောကြားပြီး အမှတ်(၃၇) မူးယစ်တပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ရဲမှူး မျိုးမင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် ကာကွယ်တားဆီးရေးနှင့် ပတ်သက်သည့် ဆိုးကျိုးများ၊ ကျခံရသည့် ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များကို ပရိုဂျက်တာ ပိတ်ကားရုပ်ပုံများဖြင့် အသေးစိတ်ရှင်းလင်းပြောကြားရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဆန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄ - ၁၂ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၀ | ၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၁၀၄ | ၃၃၈,၀၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၃ | ၂၂,၈၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၃၂၉ | ၆,၂၅၁,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၆၀ | ၁,၂၇၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၁၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၃၈.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၂.၂၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၇၃၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၈.၂၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၆၁ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၄၂.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၉.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၃.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၂.၅၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**✻ ရှေ့ဖုံးမှ**

ရခိုင်တိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်အခါသမယဖြစ်သော ရခိုင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့တွင် (၄၈) နှစ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်ပိုင်းတွင် တည်ရှိပြီး ရခိုင်ရိုးမတောင်တန်းနှင့် ဘင်္ဂလားပင်လယ်အော်ကြား ကမ်းမြောင်ဒေသ၌ တည်ရှိပါသည်။ သဘာဝပထဝီဝင်အနေအထား အရ အဖိုးတန် မြစ်၊ ချောင်း၊ အင်းအိုင်၊ ကျွန်းများဖြင့် ပြည့်နှက်လျက် ရှိပါသည်။ သဘာဝသယံဇာတပေါကြွယ်ဝပြီး ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းနှင့်အတူ ကမ္ဘာ့အလှဆုံးစာရင်းဝင်ပင်လယ် ကမ်းခြေဒေသကိုလည်း ပိုင်ဆိုင်ထားပါသည်။

ရခိုင်ပြည်နယ်သည် ရေခံ၊ မြေခံကောင်းမွန်သော သဘာဝ ပထဝီဝင်အနေအထားကြောင့် ဆန်ရေစပါး၊ သားငါးနှင့် အဖိုးတန် သဘာဝထွက်ကုန်များထွက်ရှိသည့် ဒေသတစ်ခုလည်းဖြစ်ပါသည်။ ဒေသခံတိုင်းရင်းသားတို့၏ ချစ်မြတ်နိုးဖွယ်ရာ ဓလေ့ထုံးတမ်းအစဉ် အလာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြင့် ပြည့်စုံကြွယ်ဝသည့် ဒေသတစ်ခုဖြစ်သည်နှင့်အညီ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ၊ ပြည်တွင်း ပြည်ပခရီးသွားလုပ်ငန်းများကို ကောင်းမွန်စွာဆောင်ရွက် နိုင်သော အခင်းအကျင်းနှင့်ပြည့်စုံသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၂၀၀ ဒသမ ၁ မိုင် ကျယ်ဝန်းပြီး ခရိုင်(၅)ခရိုင်၊ မြို့နယ်(၁၇)မြို့နယ်ဖြင့် ဖွဲ့စည်း ထားရာမှ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် တောင်ကုတ်ခရိုင်နှင့် အမ်းခရိုင်တို့ကို ခရိုင်အဆင့်အဖြစ် တိုးမြှင့်ပေးခဲ့သည့်အတွက် ရခိုင် ပြည်နယ်သည် ခရိုင်(၇)ခရိုင်ဖြင့် ဖွဲ့စည်းထားသော ပြည်နယ်တစ်ခု ဖြစ်လာပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်ဒေသသည် ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းလင်း တောက်ပရာဒေသဖြစ်ခဲ့ပြီး၊ မြောက်ဦးဒေသကို ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် မြို့တော်အဖြစ် အသိအမှတ်ပြုနိုင် ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်သည် ရှေးရခိုင်ဘုရင်များလက်ထက်မှစ၍ ယနေ့အချိန်အထိ ရဟန်းစာဆို၊ လူစာဆိုများသာမက ရခိုင်လူမျိုးပညာရှိများ၊ ပညာရှင်များ များစွာ ပေါ်ပေါက်ခဲ့ပါသည်။ ရခိုင်စာပေသည် ဓညဝတီခေတ် အေဒီ(၁)ရာစုခန့် ကပင် စတင်ထွန်းကားလာခဲ့ပါသည်။ မြန်မာစာပေတွင် ထင်ရှားသည့် လောကသာရပျို့ကို ရခိုင်သူမြတ်က လေးမြို့ခေတ်တွင် ရေးသားခဲ့ ကြောင်း သမိုင်းဆိုင်ရာမှတ်တမ်းများအရ တွေ့ရှိရသည့်အတွက် စာပေယဉ်ကျေးမှုဓလေ့ထုံးစံစသည်တို့တွင် အဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပေါများလှသည့် ပြည်နယ် ဒေသတစ်ခုပင် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်း တို့ ခင်ဗျား**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အိမ်စောင့်အစိုးရဖွဲ့စည်းကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ် သည် သဘာဝပထဝီဝင် အနေအထားအရ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး အခြားဒေသများနှင့်နှိုင်းစာလျှင် ဖွံ့ဖြိုးမှုနောက်ကျကျန်နေ ခဲ့ရပါသည်။ နိုင်ငံရေး၊ တိုင်းရင်းသားရေးများအရ ရခိုင်ပြည်နယ် အတွင်း လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့သဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုအဟန့်အတားများကိုလည်း အကောင်းဆုံးကျော်လွှား ပြီး ဖြေရှင်းရန် ဆောင်ရွက်လျက်ရှိပါသည်။

ခေတ်အဆက်ဆက်အစိုးရများသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက် ရေးကို အလေးထားဆောင်ရွက်ပေးခဲ့ပါသည်။ တပ်မတော်အစိုးရ လက်ထက်တွင် ရခိုင်ပြည်နယ်ကို အခြားဒေသများထက် ဖွံ့ဖြိုး တိုးတက်မှု နောက်ကျမကျန်ရစ်နေစေရန် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍကို အထူးအလေးထား မြှင့်တင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသား သွေးချင်းဒေသများသို့ အချိန်မရွေး ကူးလူးသွားလာဆက်ဆံနိုင်သဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများတိုးပွားစေခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **"ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ"**ကို ဖွဲ့စည်းပြီး ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အစီအမံများချမှတ်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကျေးလက် နေလူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ရှိသဖြင့် လူမှုစီးပွားဘဝမြှင့်တင်မှုများ ဆောင်ရွက်ရာတွင် ကျေးလက်နှင့် မြို့ပြကွာခြားချက်များ အနည်းဆုံး ဖြစ်လာစေရန်အတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ရေလုပ်ငန်းများဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး မတည်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် (၁၀)ဘီလီယံကို ခွင့်ပြုထားပြီး ဖြစ်ပါသည်။

အဆိုပါငွေကို ပြည်ထောင်စုသို့ ပြန်လည်ပေးဆပ်ရန်မလိုဘဲ ရခိုင်ပြည်နယ်အတွင်း စဉ်ဆက်မပြတ်လည်ပတ် အသုံးပြုနိုင်မည် ဖြစ်သဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပြီး ဒေသခံများ၏ဝင်ငွေလည်း တိုးပွားလာမည်ဖြစ်ပါ သည်။

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရင်ဆိုင်ကြုံတွေ့နေ ရသော ကူးစက်မြန်ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည် ဦးမော့လာစေရေးအတွက် ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံး၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နှစ်ဖက်သဘောထားများကို အတည်ပြု လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုသော တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းများကို နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားပြီးဖြစ်ပါသည်။ မိမိတို့နိုင်ငံ ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ ကာ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်း တို့ခင်ဗျား**

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်သည် အရေးပါသောနှစ်များဖြစ်ပါ သည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော စိန်ရတုပြည်ထောင်စုနေ့ကို နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့ပါသည်။ လာမည့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့သည်လည်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်သည့် အားလျော်စွာ နေပြည်တော်တွင် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အနုပညာရှင်များပါဝင်သော ဂီတပဒေသာ ကပွဲကို စည်ကားစွာကျင်းပခဲ့ပြီးဖြစ်ပါသည်။

**❖ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲရေးတို့ပေါ်တွင် မှီတည်လျက်ရှိ**

**❖ ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသအတွင်း တည်ငြိမ် အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိ**

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ အပေါင်း တို့ ခင်ဗျား**

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သည် ရှေးနှစ်ပေါင်းများစွာကပင် အေးအတူပူအမျှ စုပေါင်းနေထိုင် လျက်ရှိပြီး တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအမွေအနှစ်များ၊ စာပေ၊ သဘင်၊ ဂီတစသည့် အနုပညာများသည် နှစ်ပေါင်းထောင်ချီဖြစ်တည် လာခဲ့ကြပါသည်။ ထိုသို့ တိုင်းရင်းသားများ ချစ်ခင်ရင်းနှီးစွာနေထိုင် လာခဲ့ကြသော်ငြား ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်ချိန်တွင် သွေးခွဲအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ အချင်းချင်း စည်းလုံးညီညွတ်မှုပျက်ယွင်းကာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ကြပါသည်။

ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တ နေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ် သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နေသည့် အချိန်အခါဖြစ် ပါသည်။ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားညီနောင်အားလုံး တန်းတူခံစားနိုင်မည့် ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ကို ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဆွေးနွေးဖက် အဖွဲ့အစည်းများနှင့် အလွတ်သဘောတွေ့ဆုံမှုများ၊ သီးသန့်တွေ့ဆုံဆွေးနွေးမှုများ၊ တရားဝင်တွေ့ဆုံဆွေးနွေးမှုများဖြင့် မပြတ်ထိတွေ့ဆက်ဆံလျက်ရှိပါ သည်။ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP) ပါတီနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ များကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပထမ အကြိမ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ဒုတိယအကြိမ် ဆောင်ရွက်ခဲ့ပြီး ဆွေးနွေးညှိနှိုင်းချက်များအရ ပြည်နယ်အဆင့်

ဆက်လက်၍လည်း အားကစားပြိုင်ပွဲများ၊ စာပေနှင့်အနုပညာ ပြပွဲများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် များမှ ဂုဏ်ပြုယာဉ်များဖြင့် လှည့်လည်ပြသခြင်း၊ တိုင်းရင်းသား ရိုးရာအကအလှများဖြင့် ဖျော်ဖြေခြင်း၊ ပြခန်းများနှင့် ရိုးရာအစား အသောက်များ ကျွေးမွေးဧည့်ခံရောင်းချပေးခြင်း စသည့် အစီအစဉ် များကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လွတ်လပ်ရေး၏ အသီးအပွင့်ကို ပြည်သူများသိမြင်ခံစားနိုင်စေရန် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်း အနားကို ခမ်းနားထည်ဝါစွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများဖြစ်ကြ သည့် ရခိုင်၊ ကမန်၊ ခမ္မီ၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် စသည့် တိုင်းရင်းသားများသည် မြန်မာ၊ ချင်း စသည့် တိုင်းရင်းသားများနှင့် အတူယှဉ်တွဲနေထိုင်လျက်ရှိကြပါသည်။ ပြည်နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသား အားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲရေး တို့ပေါ်တွင် မှီတည်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း မှီတင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ငြိမ်းချမ်း ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက် ပူးပေါင်း ဆောင်ရွက်မှုများသည် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုး တိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများအနေဖြင့် ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ပြည်နယ်သူ၊ ပြည်နယ် သားများ၏အကျိုး၊ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးတို့ကို ထမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်းနှင့် အစဉ်ထာဝရ အေးချမ်း သာယာပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့ အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

○ နိုင်ငံတော်မှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပူတာအိုခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခေါင်လန်တီး၊ စေတီတော်မြတ်ကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဆိုင်နှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကောင်းမှုလုံစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အားပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

#### ဖူးမြော်ကြည်ညို

ယင်းနောက် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး စေတီတော်မြတ်ကြီးရေရှည်တည်တံ့ခိုင်မြဲရေး၊ ဘုရားဖူးလာမိဘပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်နိုင်ရေး၊ သန့်ရှင်းသပ်ရပ်ပြီးကြည်ညိုဖွယ်ဖြစ်စေရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်ထိန်းသိမ်းရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

#### ကျော်စောထင်ရှား

အဆိုပါ ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်မြတ်ကြီးကို သာသနာသက္ကရာဇ် ၂၄၄ ခုနှစ် သီရိဓမ္မာသောကမင်းကြီးလက်ထက်တွင် မြတ်စွာဘုရား၏ ဓာတ်တော်သုံးဆူကို ဌာပနာသွင်း၍ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက်တို့က စေတီတော်မြတ်ကြီးကို ပြုပြင်မွမ်းမံ တည်ဆောက်ထိန်းသိမ်းခဲ့ကြပြီး မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ နှုတ်ဖျားတွင်လည်း **"အထက်တွင် ကောင်းမှုလုံ၊ အောက်တွင် ရွှေတိဂုံ၊ အလယ်တွင် ရွှေစည်းခုံ"** ဟူ၍ ကျော်စောထင်ရှားသပ္ပာယ်စွာဖြင့် တည်ရှိလျက်ရှိကြောင်း၊ ကောင်းမှုလုံစေတီတော်မြတ်ကြီးသည် အလွန်ရှေးကျသောစေတီတော်ကြီးဖြစ်ပြီး တိုင်းခမ်းတီးရှမ်းတိုင်းရင်းသား ဘာသာစကားဖြင့် "ကောင်မူးစဝ်ကန်ခမ်း" ရွှေဆတ်မင်းစေတီတော်ဟူ၍ လည်းကောင်း၊ ခမ်းတီးလုံဒေသရှိ စေတီအားလုံးထက် ပုံတော်၏ အရွယ်အစားကြီးခြင်း၊ ဉာဏ်တော်မြင့်မားခြင်း၊ တန်ခိုးအာနုဘော် ပိုမိုကြီးမား မြင့်မြတ်ခြင်းတို့ကြောင့် (စဝ်ကောင်းမှုလုံ) ကြီးမြတ်သော စေတီတော်ဟူ၍လည်းကောင်း၊ ရည်စူးပူဇော်ခေါ်ဝေါ်ခဲ့ကြကြောင်း စေတီတော်ဘက်စုံပြုပြင်မွမ်းမံခြင်း မှတ်တမ်းများအရ သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်အမျိုးသားဥယျာဉ်ရှိ ရဝမ်ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိကြရာ မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးရယ်ဒမ်းတန်နှင့် ရဝမ်တိုင်းရင်းသားတို့က ရဝမ်တိုင်းရင်းသားရိုးရာတူရိယာများ တီးမှုတ်၍ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ကောင်းမှုလုံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်ထိန်းသိမ်းရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

#### ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်လက်နက်ကိရိယာပြကွက်၊ ကျောက်ဖြင့်ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများပြကွက်၊ သစ်သားထည်အိုးခွက်ပန်းကန် အသုံးအဆောင်များပြကွက်၊ သစ်သားနှင့်ကြိမ်နီးရက် ဦးဆောင်းများပြကွက်၊ ရိုးရာတူရိယာပြကွက်၊ ဝါးနီးရက် အသုံးအဆောင်ပစ္စည်းများပြကွက်၊ ကြိမ်နီးဖြင့်ရက်လုပ်သော အသုံးအဆောင်ပစ္စည်းများပြကွက်၊ ဓား၊ လှံ၊ ပုဆိန်၊ လေးမြားလက်နက်များ ပြကွက်၊ ဝါး အသုံးအဆောင်ပစ္စည်းများပြကွက်၊ ရိုးရာခရီးဆောင်လွယ်အိတ်များ ပြကွက်၊ ဒေသထွက် တိုင်းရင်းဆေးများပြကွက်၊ ရိုးရာဂျပ်ခုတ်အထည်ရက်ကိရိယာများပြကွက်၊ ရဝမ်ရိုးရာ လက်ဝတ်ရတနာများပြကွက်၊ ရဝမ်လူမျိုးများဆင်းသက်လာရာပြမြေပုံ၊ နိုင်ငံတော်ခေါင်းဆောင်များနှင့် ပြည်နယ်ယဉ်ကျေးမှု ခေါင်းဆောင်များပြကွက်တို့ကို ပြကွက်တစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုကြရာ ဦးရယ်ဒမ်းတန်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရဝမ်ယဉ်ကျေးမှုပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရဝမ်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် သမိုင်းကို ထိန်းသိမ်းနိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ရှေးဟောင်းရိုးရာ လက်မှုအသုံးအဆောင်များသည် အဖိုးမဖြတ်နိုင်သည့် သမိုင်းအထောက်အထားများဖြစ်သဖြင့် ရေရှည်တည်တံ့မှုရှိစေရေး စနစ်တကျ ထိန်းသိမ်းရန်နှင့် သန့်ရှင်းသပ်ရပ်စွာ ပြသထားရှိရန်လည်း လိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပိုးမွှားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးယိုယွင်းမှုများမဖြစ်စေရန်လည်း ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရဝမ်ယဉ်ကျေးမှုပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးခဲ့ပြီး ရဝမ်ရိုးရာ ရိန်ဒန်(ခေါ်)မနောတိုင်ရှေ့တွင် ရဝမ်တိုင်းရင်းသားများနှင့် အတူတကွ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ရဝမ်ရိုးရာ ရိန်ဒန်(ခေါ်) မနောတိုင်ရှေ့တွင် ရဝမ်တိုင်းရင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# အများသိစေရန် ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂)တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့ စသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော် လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ ဖိတ်ကြားရေးဆပ်ကော်မတီ ဖုန်းနံပါတ် (၀၆၇-၃၄၁၂၇၁၅) နှင့် (၀၆၇-၃၄၁၂၇၁၆) သို့ (၂၀-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

# ပူတာအိုဒေသသည် ဝေးလံခေါင်းပါးသည့် ဒေသတစ်ခုဖြစ်၊ သွားလာမှုများ အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိ မြို့ဖများအား ပူတာအိုလေဆိပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပူတာအိုမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

## ဒေသ၏ ထူးခြားသည့် ဝိသေသများကို အသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ပူတာအို ဒေသသည် ဝေးလံခေါင်းပါးသည့် ဒေသတစ်ခုဖြစ်ကြောင်း သွားလာမှုများ အဆင်ပြေ ချောမွေ့စေရေးအတွက် နိုင်ငံတော်က ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပူတာအိုဒေသသည် ထူးခြားသည့် ဝိသေသရှိသည့် ဒေသတစ်ခုဖြစ်ပြီး အေးမြသည့် ရာသီဥတုရှိကာ သဘာဝအလှတရားများဖြင့် ပြည့်စုံနေသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပူတာအိုဒေသကို ခရီးသွားဒေသအဖြစ် ဆောင်ရွက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်နိုင်ကြောင်း၊ ဒေသ၏ ထူးခြားမှုအဖြစ် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ကျောက်လုံးများကို စီ၍ကာရံထားသည့် ကျောက်စီခြံစည်းရိုးများလည်းရှိကြောင်း၊ အဆိုပါ **ကျောက်လုံးစီခြံစည်းရိုးများကို လမ်းအလိုက်၊ ရပ်ကွက်အလိုက် စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ကာ စနစ်တကျ လှပသပ်ရပ်စွာဖြင့် ထူးခြားသည့် မြင်ကွင်းတစ်ခုအဖြစ် ဆောင်ရွက်ပြီး ဒေသ၏ Land Mark တစ်ခုအဖြစ် ပြည်တွင်း၊ ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်**ကြောင်း၊ အလားတူ ဒေသ၏ လူမှုပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်လှပစေရေး ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မျက်စိပသာဒဖြစ်စေရေး အတွက်လည်း ပန်းအလှပင်များကို စနစ်တကျစိုက်ပျိုးရန်လိုကြောင်း။

## စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အားပေးမြှင့်တင်

ဒေသတွင်း ဆန်ဖူလုံမှုရှိရန်လည်း တစ်ဧကချင်းအထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ Eating Quality ကောင်းမွန်သည့် အထွက်တိုးစပါးများကိုလည်း စိုက်ပျိုးရန်လိုကြောင်း၊ ယင်းအပြင်စားရေးအတွက် အထောက်အကူပြုစေမည့် ဒေသနှင့် ကိုက်ညီသော ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကိုလည်း ဖူလုံအောင် စိုက်ပျိုးကြရန်လိုကြောင်း၊ ဒေသအတွင်း စားရေးကို အထောက်အကူပြုစေမည့် မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် မွေးမြူဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများကိုလည်း ဒေသတွင်း စိုက်ပျိုးထုတ်လုပ်နိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကိုလည်း ဇီဝမြေသြဇာအဖြစ် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြု၍ရကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်ပြီး အခြားဒေသများနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဂရိတ်ဖရုကဲ့သို့ ပူတာအိုဒေသတွင်သာ ကောင်းမွန်စွာထွက်ရှိသည့် အသီးများလည်းရှိပြီး အဆိုပါအသီးများ အရည်အသွေးကောင်းမွန်စွာဖြင့် အရေအတွက်များများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာများဖြင့် စနစ်တကျသုတေသနပြုစိုက်ပျိုးရန်လိုကြောင်း၊ အလားတူ လက်ဖက်နှင့် ကော်ဖီများကိုလည်း စိုက်ပျိုးနိုင်သည့် ဒေသဖြစ်ခြင်းကြောင့် စိုက်ပျိုးမှုလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်၍ ပြည်တွင်း၊ ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက ပူတာအိုဒေသသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

## ပညာရည်မြင့်မားခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်

ပညာရည်မြင့်မားခြင်းသည် ဒေသများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ချရသည့် အာမခံချက်ပင်ဖြစ်ကြောင်း၊ ပူတာအိုဒေသမှ ပညာတတ်များ ပေါ်ထွန်းခဲ့သည့် အစဉ်အလာကောင်းများ ရှိပြီးဖြစ်၍ ထိုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ပူတာအိုဒေသတွင်းရှိ ကျောင်းနေအရွယ်ကလေးငယ်များ ပညာရည်မြင့်မားတိုးတက်စေရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပညာရေးဝန်ထမ်းများမှပေးသည့် ပညာရေးသည် မိမိတို့ကလေးငယ်များ၏ အနာဂတ်ဘဝအထောက်အပံ့ကို များစွာဖြစ်စေနိုင်သောကြောင့် ပညာရေးဝန်ထမ်းများကိုလည်း အားပေးစောင့်ရှောက်ရန်လိုအပ်ကြောင်း၊ မိမိတို့၏ ကလေးငယ်များ၏ အနာဂတ်ဘဝခရီးတစ်လျှောက်လုံး ပူပင်ကြောင့်ကြကင်းစွာဖြင့် နေထိုင်နိုင်ရေးနှင့် ဘဝတိုးတက်ရေးအတွက် ပညာရေးကို အင်ပြည့်အားပြည့်ဖြင့် အားပေးပြီး လမ်းမှန်ကိုရောက်အောင်အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ တစ်ဦးချင်းပညာရည်မြင့်မားမှုမှ ဒေသတွင်း ပညာရည်မြင့်မားမှုကို ဖြစ်ပေါ်စေပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိ မြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**☆ ကျောက်လုံးစီခြံစည်းရိုးများကို လမ်းအလိုက်၊ ရပ်ကွက်အလိုက် စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ကာ စနစ်တကျလှပသပ်ရပ်စွာဖြင့် ထူးခြားသည့် မြင်ကွင်းတစ်ခုအဖြစ် ဆောင်ရွက်ပြီး ဒေသ၏ Land Mark တစ်ခုအဖြစ် ပြည်တွင်း၊ ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ အမှာစကား ပြောကြားစဉ်။

# စုစည်းညီညွတ်သည့် အားကိုတည်ဆောက်၍ ဒေသနှင့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ကြရမည်

နေပြည်တော် ဒီဇင်ဘာ ၁၄

ဒေသခံတိုင်းရင်းသားများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် တပ်များဖြစ်သဖြင့် ဒေသခံများနှင့် တပ်စည်းလုံးညီညွတ်မှုရှိရမည်ဖြစ်ပြီး စုစုစည်းစည်းဖြင့် ညီညီညွတ်ညွတ်ရှိရမည်ဖြစ်ကြောင်း၊ စုစည်းညီညွတ်သည့် အင်အားရှိမည်ဆိုပါက မည်သူမျှ မိမိတို့၏ တပ်ရင်းတပ်ဖွဲ့ကို ထိခိုက်အောင်ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ကြောင်း၊ အလားတူ ဒေသတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအားလုံး အတူတကွ စုစည်းညီညွတ်စွာနေထိုင်မည်ဆိုပါက ဒေသကို မည်သူမျှထိ၍ ရမည်မဟုတ်သဖြင့် စည်းလုံးခြင်း၏ အားကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူစဉ်။

(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများ၊ ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

## စုစည်းညီညွတ်သည့် အားကို တည်ဆောက်

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် ပူတာအိုဒေသသည် သွားရေးလာရေး ကန့်သတ်ချက်ရှိသည့်နေရာတစ်ခုဖြစ်ပြီး ရာသီမရွေးသွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုအဆင်ပြေချောမွေ့စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပူတာအိုဒေသအတွင်း ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများအားလုံး စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြရန်လိုကြောင်း၊ နယ်မြေခံတပ်ဖြစ်သဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များတွင် ဒေသခံတိုင်းရင်းသားများနှင့် တိုင်းရင်းသူများ ပါဝင်ကြောင်း။

အမျိုးသမီးများသည် မိခင်စိတ်ရှိကြပြီး ၎င်း၏မိသားစုကိုကာကွယ်လိုသည့်စိတ်အခြေခံရှိပြီးဖြစ်ကြောင်း၊ အချို့သောဒေသများရှိ တပ်ရင်းတပ်ဖွဲ့များသို့ လက်နက်ကိုင်အဖွဲ့များက အလစ်အငိုက်လာရောက် တိုက်ခိုက်ခဲ့ချိန်တွင် တပ်မတော်သားမိသားစုဝင် အမျိုးသမီးများအနေဖြင့် မိမိတို့၏သားသမီးများနှင့် မိမိတပ်ကို မထိခိုက်အောင် ကာကွယ်လိုသည့်စိတ်ဖြင့် လာရောက်တိုက်ခိုက်သူများကို ရှပ်ရှပ်ချွံချွံ ပြန်လည်တိုက်ခိုက်ခဲ့ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မိခင်စိတ်နှင့် ဖခင်စိတ်ကို ပေါင်းစပ်လိုက်မည်ဆိုပါက မိသားစုတစ်ခုသည် စည်းလုံးညီညွတ်သည့်အားရှိသည့် မိသားစုတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ပူတာအိုဒေသတွင်လည်း အဆိုပါ စိတ်ဓာတ်များရှိအောင် တည်ဆောက်သွားကြရန်လိုပြီး စုပေါင်းသည့်အားဖြင့် စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပူတာအိုဒေသသည် အေးမြသည့်ဒေသဖြစ်သဖြင့် ရာသီဥတုနှင့်ကိုက်ညီပြီး မိမိတို့စားရေးကို အထောက်အကူပြုနိုင်သည့် စားပင်သီးနှံများကိုစိုက်ပျိုးရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် တတ်နိုင်သမျှ ဆောင်ရွက်နိုင်သည့် အခြေအနေရှိသောကြောင့် တပ်ဌာနချုပ်များတွင် တာဝန်ထမ်းဆောင်သူများအနေဖြင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက စားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

## စည်းကမ်းစနစ်တကျရှိပြီး စစ်ရေးအသိ၊ စစ်ရေးသတိ အမြဲရှိရမည်

တပ်မတော်တွင် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ညွှန်ကြားချက်များရှိပြီးဖြစ်ကြောင်း၊ စည်းကမ်းတကျရှိစေရန်နှင့် စည်းစနစ်ကျနစေရန်အတွက် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိခြင်းဖြစ်ကြောင်း၊ စစ်စည်းကမ်းများနှင့်အညီ နေထိုင်ကျင့်ကြံနေထိုင်ရန်လိုအပ်သကဲ့သို့ ကိုယ်ပိုင်အချိန်များတွင်လည်း စည်းကမ်းရှိစွာဖြင့် လွတ်လပ်စွာနေထိုင်ရန် ခွင့်ပြုပေးထားကြောင်း၊ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ သတ်မှတ်ဝတ်စုံများ ဝတ်ဆင်ရာတွင် စနစ်တကျရှိရန် **စာမျက်နှာ ၇ သို့** ☆

☆ **မိမိတို့ နေ့စဉ်လုပ်ဆောင်နေရသည့် လုပ်ငန်းစဉ်များကို မှန်မှန်ကန်ကန်ဆောင်ရွက်၍ စည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ နေထိုင်လုပ်ကိုင်မည်ဆိုပါက လေ့ကျင့်သားပြည့်ဝပြီး အရည်အသွေးပြည့်ဝသည့် စစ်သည်များ ဖြစ်လာမည်**

☆ **မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများတွင် တာဝန်ကျေပွန်ခြင်း၊ စည်းကမ်းတကျရှိပြီး အမိန့်နာခံတတ်မှုရှိခြင်းတို့သည် မိမိတို့၏အဆင့်တိုးမြှင့်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဘဝတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ရရှိထားသည့် ရာထူးအဆင့်နှင့် လျော်ညီထိုက်တန်အောင် ဆောင်ရွက်ကြရန်လို**

☆ **စာပေဖတ်ရှုခြင်းသည် မိမိတို့ဘဝအတွက် များစွာအထောက်အကူပြုနိုင်သဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံး အမြဲမပြတ် ဖတ်ရှုလေ့လာနေရန်လို**

✯ စာမျက်နှာ ၆ မှ

လိုအပ်သကဲ့သို့ အရပ်ဝတ်ဝတ်ဆင်ရာတွင်လည်း သေသပ်မှုရှိရန်လိုကြောင်း၊ စစ်စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုရှိခြင်းသည် စစ်သည်တစ်ဦးချင်း၏ ဘဝအတွက် ကောင်းမွန်သည့် အလေ့အကျင့်တစ်ခုပင်ဖြစ်ကြောင်း၊ **မိမိတို့နေ့စဉ်လုပ်ဆောင်နေရသည့် လုပ်ငန်းစဉ်များကို မှန်မှန်ကန်ကန်ဆောင်ရွက်၍ စည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ နေထိုင်လုပ်ကိုင်မည်ဆိုပါက လေ့ကျင့်သားပြည့်ဝပြီး အရည်အသွေးပြည့်ဝသည့် စစ်သည်များ ဖြစ်လာမည်ဖြစ်**ကြောင်း။

စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိတို့ကိုင်ဆောင်နေရသည့် လက်နက်များ၊ အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်စွာအသုံးချနိုင်ရန်အတွက် အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ သို့မှသာ စစ်မြေပြင်တွင် လက်နက်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ထိရောက်စွာအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ တာဝန်ထမ်းဆောင်ချိန်ကာလများတွင် သတိဖြင့် နေထိုင်လုပ်ကိုင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်မြေပြင်၌ အချိန်၊ ရာသီဥတု၊ မြေအနေအထားတို့အပေါ်တွင် မူတည်၍ အလစ်အငိုက်တိုက်ခိုက်ကြခြင်း ဖြစ်သဖြင့် သွားသတိ၊ လာသတိ၊ စားသတိ၊ နေသတိဖြင့် နေထိုင်လုပ်ကိုင် ဆောင်ရွက်ကြရန်လိုကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ပညာရေးအားပေးမြှင့်တင်

စစ်သည်တစ်ဦးချင်း၏ သတ်မှတ်အချိန်အတွင်း ရာထူးတိုးတက်ရေးအတွက် သတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ပေးထားကြောင်း၊ **မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများတွင် တာဝန်ကျေပွန်ခြင်း၊ စည်းကမ်းတကျရှိပြီး အမိန့်နာခံတတ်မှုရှိခြင်း တို့သည် မိမိတို့၏ အဆင့်တိုးမြှင့်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဘဝတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ရရှိထားသည့် ရာထူးအဆင့်နှင့် လျော်ညီထိုက်တန်အောင် ဆောင်ရွက်ကြရန်**လိုကြောင်း၊ သုတ၊ ရသများပြည့်စုံနေစေရန်အတွက် စာပေများကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ ထိုသို့ လေ့လာနိုင်ရန်အတွက် တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးထားကြောင်း၊ **စာပေဖတ်ရှုခြင်းသည် မိမိတို့ဘဝအတွက် များစွာအထောက်အကူပြုနိုင်သဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံး အမြဲမပြတ် ဖတ်ရှုလေ့လာနေရန်**လိုကြောင်း၊ အလားတူ တပ်မတော်သားမိသားစုဝင်များ၏ သားသမီးများ ပညာရည်မြင့်မားရေးအတွက် တပ်မတော်မှ အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့ကိုယ်တိုင်ကလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် ပူတာအိုဒေသသည် ဝေးလံခေါင်ဖျားပြီး ရာသီဥတုအေးမြသည့်ဒေသဖြစ်သဖြင့် ကျန်းမာရေးကို အလေးထားနေထိုင်ရန်လိုကြောင်း၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် ကိုယ်လက်လှုပ်ရှားအားကစားများ ဆောင်ရွက်ရန်နှင့် မိမိဘဝအတွက် အကျိုးမရှိသည့် အသောက်အစားနှင့် အပျော်အပါးများကို ဆင်ခြင်တုံတရားဖြင့် ထိန်းသိမ်းနေထိုင်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

## စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစု များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ထူရေးဆွဲထားသည့် လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ကွင်းဆင်းသုံးသပ်စစ်ဆေး၊ ပြင်ဆင်ပြောင်းလဲရန်လိုအပ်သည့်နေရာများအား ပြောင်းလဲစိုက်ထူရေးဆွဲသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်သည် ရန်ကုန်တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းပိုင်းနေရာများသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ Road Audit ပြုလုပ်မှုများအပေါ် သုံးသပ်လေ့လာခြင်းများ ဆောင်ရွက်ကြသည်။



## ရှင်းလင်းတင်ပြ

ကွင်းဆင်းစစ်ဆေးရာ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ ဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးလင်းခိုင်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး နယ်နိမိတ်အတွင်း လမ်းဆုံများတွင် မော်တော်ယာဉ်များ ယာဉ်အန္တရာယ်ကင်းစွာသွားလာနိုင်ရေး စီမံခန့်ခွဲဆောင်ရွက်ထားရှိမှု၊ လမ်းများတွင် လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများကို နည်းဥပဒေ၊ ညွှန်ကြားချက်နှင့်အညီ စိုက်ထူရေးဆွဲဆောင်ရွက်ထားရှိမှုများ နှင့် ဘတ်စ်ကားများ ခရီးသည်အတင်အချ ပြုလုပ်ရာတွင် အန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်ဂျင်နီယာမှူးကြီး ဒေါ်ဖြူဖြူဝင်းက ဒဂုံမြို့နယ်၊ ဗဟန်းမြို့နယ်နှင့် ကျောက်တံတားမြို့နယ်တို့အတွင်း နေရာခုနစ် နေရာ၌ ယာဉ်တိုက်ခိုက်မှုအန္တရာယ်ရှိနိုင်သည့် မြေပြင်အခြေအနေ၊ လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများ ရေးဆွဲစိုက်ထူထားရှိမှု၊ လမ်းဆုံများ၌ စက်ဘီးစီးသူများ ယာဉ်အန္တရာယ်ကင်းစွာ လမ်းဖြတ်ကူးနိုင်ရေး ဆောင်ရွက်ရန်လိုအပ်သည့် အစီအမံ၊ Gantry Road Sign များနှင့် ဘတ်စ်များ ရပ်နားရမည့်နေရာ သတ်မှတ်ချက်များကို နည်းဥပဒေ၊ ညွှန်ကြားချက်နှင့်အညီ တစ်ပြေးညီ ဆောင်ရွက်ထားရှိနိုင်စေရေး ကိစ္စတို့ကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကြီးကြပ်ရေးအဖွဲ့ဝင်များက လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ(၂၀၂၂ ခုနှစ်) ညွှန်ကြားချက်နှင့်အညီ ကိုက်ညီမှုရှိစေရေး ပြင်ဆင်ပြောင်းလဲရန် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

## အကောင်အထည်ဖော်ဆောင်ရွက်

အဆိုပါ ရန်ကုန်မြို့တော် မြို့နယ်သုံးမြို့နယ်တို့၌ လမ်းပိုင်းဆိုင်ရာ ကွင်းဆင်းစစ်ဆေးချက်အရ ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို စီမံဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့သွားမည်ဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကလည်း ပြဋ္ဌာန်းထားသည့် နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ မြေပြင်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ယနေ့ ညနေ ၆ နာရီခွဲအချိန်တိုင်း ထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာ တို့တွင် ပိုမိုအားကောင်းလာကာနောက် ၂၄ နာရီအတွင်း အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) (10th ASEAN Quiz – Regional Level)ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပထမဆုကို မြန်မာနိုင်ငံ၊ ဒုတိယဆုကို မလေးရှားနိုင်ငံ၊ တတိယဆုကို လာအိုနိုင်ငံတို့က ရရှိကြသည်။

**အလှည့်ကျကျင်းပ**

အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ဒေသတွင်းလူငယ်များအကြား ခိုင်မာအားကောင်းသည့် ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူပြုနိုင်စေရန် ၂၀၀၂ ခုနှစ်မှစတင်၍ အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်အရ နှစ်နှစ်တစ်ကြိမ် အလှည့်ကျကျင်းပခြင်းဖြစ်သည်။

၂၀၀၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ၂၀၀၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၊ ၂၀၀၆ ခုနှစ်တွင် မလေးရှားနိုင်ငံ၊ ၂၀၀၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၊ ၂၀၁၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ၂၀၁၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ ၂၀၁၆ ခုနှစ်တွင် လာအိုနိုင်ငံ၊ ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံနှင့် ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

**အိမ်ရှင်အဖြစ်လက်ခံကျင်းပ**

ယခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံအသီးသီးမှ နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံအလိုက် အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်းရှိ ကျောင်းသားကျောင်းသူများကို ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ နိုင်ငံအဆင့်ပြိုင်ပွဲများ အဆင့်ဆင့်ပြုလုပ်၍ နိုင်ငံအလိုက် ပထမ၊ ဒုတိယ၊ တတိယ သုံးဦးစီရွေးချယ်ကာ အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်)တွင် ပါဝင်ယှဉ်ပြိုင်စေခြင်းဖြစ်သည်။

အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(ဒေသတွင်းအဆင့်) ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားပြုယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်သူများ၊ သင်တန်းနည်းပြများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားပြုယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ASEAN Anthem သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား တိုင်းရင်းသူများက "Welcome to the 10th ASEAN Quiz" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားပြုကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူများက နိုင်ငံအလိုက် နှုတ်ဆက်ကြသည်။

**ဖွင့်လှစ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းက ဒသမအကြိမ်မြောက်အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယခုကျင်းပသည့် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲစီမံကိန်းသည် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ ဦးစားပေးအစီအစဉ်များထဲမှ တစ်ခုဖြစ်ပြီး ၂၀၀၂ ခုနှစ်မှစတင်ကာ နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့ကြောင်း၊ ဤစီမံကိန်းသည် **စာမျက်နှာ ၉ သို့ ❖**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းက ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။




အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဖျော်ဖြေပေးသည့် အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းပေးအပ်စဉ်။




အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြစဉ်။




ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) ကျင်းပစဉ်။

❖ စာမျက်နှာ ၈ မှ

အာဆီယံ ပြန်ကြားရေး ဆပ်ကော်မတီ၏ အရေးပါသည့် အစိတ်အပိုင်းတစ်ခု ဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း။

**အခွင့်အလမ်းများဖော်ဆောင်**

ASEAN Quiz ပြိုင်ပွဲသည် အာဆီယံ၏ အသိအမြင်မြှင့်တင်ရေးကို ထင်ဟပ်စေသည့်အပြင် အာဆီယံလူငယ်များ၏ ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရန်နှင့် အာဆီယံကို ပိုမိုလေးနက်သည့် နားလည် သဘောပေါက်မှုနှင့် တန်ဖိုးထားမှုများကို ရရှိစေမည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနေသည့် စီမံကိန်းတစ်ခု ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

ယခုကျင်းပသည့် ပြိုင်ပွဲ၏ အဓိကရည်ရွယ်ချက်မှာ လူငယ်မျိုးဆက်သစ်များ အနေဖြင့် အာဆီယံအကြောင်း ပိုမိုသိရှိနားလည်စေရန်နှင့် အာဆီယံဒေသတွင်းနိုင်ငံများ၏ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အသိပညာဗဟုသုတများ မြှင့်တင်ပေးနိုင်ရန်ပင် ဖြစ်ပါကြောင်း။

ASEAN Quiz ၏ ရည်ရွယ်ချက်မှာ အာဆီယံလူငယ်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယှဉ်ပြိုင်လိုသည့် စိတ်ဓာတ်များကို ဖော်ထုတ်ပေးနိုင်ရန်၊ ဒေသတွင်းငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် သာယာဝပြောရေးကို ထိန်းသိမ်းပြီး ပိုမိုအောင်မြင်မှုရရှိစေရန်၊ အာဆီယံ၏ မျှော်မှန်းချက်၊ အခန်းကဏ္ဍများနှင့် တာဝန်များကို နားလည် သဘောပေါက်စေရန်၊ အသိပညာဗဟုသုတ မြှင့်တင်ပေးနိုင်ရန်၊ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ပေးနိုင်ရန်နှင့် အာဆီယံပြည်သူလူထုအကြား အသိပညာပေးနိုင်ရန် အဓိကဖြစ်ကြောင်း။

ပထမအကြိမ်ပြိုင်ပွဲမှ အဋ္ဌမအကြိမ်အထိ လက်ခံကျင်းပခဲ့သည့် အိမ်ရှင်နိုင်ငံများက အာဆီယံဒေသတွင်းရှိ ကျောင်းသားလူငယ်များကို လူကိုယ်တိုင်ပါဝင်တက်ရောက်ရန် ဖိတ်ကြားခဲ့ကြပြီး in person event အဖြစ်သာ ကျင်းပခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပချိန်၌ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အွန်လိုင်းပြိုင်ပွဲအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့ရပါကြောင်း၊ ယခုမြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ Hybrid ပုံစံဖြင့် စနစ်တကျ ကျင်းပသွားမည်ဖြစ်ပါကြောင်း။

ယခု ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့က in person အဖြစ် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့က အွန်လိုင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ASEAN Quiz ဒေသတွင်းအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများအနေဖြင့် Theme တစ်ခုကိုလည်း ရွေးချယ်ဆောင်ရွက်ကြရပြီး ယခုနှစ်တွင် မြန်မာနိုင်ငံက "ASEAN: A Community of Peace, Prosperity and Sustainability" (အာဆီယံသည် ငြိမ်းချမ်းမှု၊ သာယာဝပြောမှုနှင့် ရေရှည် တည်တံ့ခိုင်မြဲမှုရှိသည့် အသိုက်အဝန်းတစ်ခု ဖြစ်သည်) ဆိုသည့် Theme ကို ရွေးချယ်အတည်ပြုထားပါကြောင်း။

အာဆီယံ နိုင်ငံများမှ ခေါင်းဆောင်များ လက်မှတ်ရေးထိုးထားပြီး အာဆီယံပဋိညာဉ်စာတမ်းတွင်ပါရှိသည့် ရည်ရွယ်ချက်များ၊ အာဆီယံဆောင်ပုဒ်ဖြစ်သည့် "တစ်ခုတည်းသော အမြင်၊ တစ်ခုတည်းသော သွင်ပြင်လက္ခဏာ၊ တစ်ခုတည်းသော အသိုက်အဝန်း"ဆိုသည့် ဆောင်ပုဒ်များကို ထင်ဟပ်ပေါ်လွင်စေရန် Theme ကို စီစဉ်ရွေးချယ်ထားခြင်းဖြစ်ပြီး ဒေသတွင်းအဆင့် ASEAN Quiz ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အကောင်းဆုံး ကြိုးစား ယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် လာအိုနိုင်ငံမှ ပြိုင်ပွဲဝင်တစ်ဦးအား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မလေးရှားနိုင်ငံမှ ပြိုင်ပွဲဝင်တစ်ဦးအား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

**ကပြဖျော်ဖြေတင်ဆက်**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "ပြည်ထောင်စု၏ ထာဝရအလှများ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က အကဲဖြတ်ဒိုင်များ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံတို့မှ ကြီးကြပ်သူနှင့် ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မလေးရှား၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကြီးကြပ်သူနှင့် ပြိုင်ပွဲဝင်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ အကြီးတန်းအရာရှိတို့အား အမှတ်တရလက်ဆောင်များ ပေးအပ်ကာ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "မင်္ဂလာပါ အာဆီယံ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိ(ဒေသတွင်းအဆင့်)ပြိုင်ပွဲ စတင်ရန် အာဆီယံနိုင်ငံများမှ ကိုယ်စားပြု ကျောင်းသား ကျောင်းသူများ၊ အကဲဖြတ်ဒိုင်များသည် သတ်မှတ်နေရာများ၌ အသီးသီးနေရာယူကြပြီး အကဲဖြတ်ဒိုင် ဒေါ်ဌေးဌေးဆွေက အမှတ်ပေးပုံနှင့် ရွေးချယ်မည့်ပုံစံကို ရှင်းလင်းတင်ပြကာ ပြိုင်ပွဲကို စတင်သည်။

စာမျက်နှာ ၁၀ သို့ ❖



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(ဒေသတွင်းအဆင့်)တွင် အဖွင့်အမှာစကားပြောကြားစဉ်။



ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(ဒေသတွင်းအဆင့်) အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲ တည်ခင်းဧည့်ခံစဉ်။



ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) သို့ လာရောက်အားပေးသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

❖ စာမျက်နှာ ၉ မှ

အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(ဒေသတွင်းအဆင့်) တွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းနှင့် အာဆီယံဒေသဆိုင်ရာ အထွေထွေ ဗဟုသုတများကို Multiple Choice, Fill in the Blank, True or False, Mixed Question ပွဲစဉ်လေးခုဖြင့် အာဆီယံနိုင်ငံများမှ ကိုယ်စားပြု ကျောင်းသား ကျောင်းသူများက ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက “We are One” တေးသီချင်းဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက “ထာဝရမြန်မာ” တေးသီချင်းဖြင့် လည်းကောင်း ကပြဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဖျော်ဖြေပေးသည့် အနုပညာရှင်များအား လက်ဆောင်ပန်းခြင်း ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က တတိယဆုရရှိသည့် လာအိုနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဒုတိယဆုရရှိသည့် မလေးရှားနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပထမဆုရရှိသည့် မြန်မာနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**သွားရောက်လေ့လာကြည့်ရှု**

မွန်းလွဲပိုင်းတွင် အာဆီယံနိုင်ငံများမှ ကိုယ်စားပြု တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့်ကြီးကြပ်သူများသည် နေပြည်တော်ရှိကျောက်မျက်ပြတိုက်နှင့် အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာကြည့်ရှုကြသည်။

ညနေပိုင်းတွင် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲကို Park Royal ဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကျောင်းသား ကျောင်းသူများက သက်ဆိုင်ရာ နိုင်ငံအလိုက် တေးသီချင်းများ ပျော်ရွှင်စွာ သီဆိုကြသည်။ ထို့ပြင် လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့မှ ကျောင်းသား ကျောင်းသူများက သက်ဆိုင်ရာ နိုင်ငံအလိုက် ရိုးရာအက၊ တေးသီချင်းများဖြင့် ပျော်ရွှင်စွာ စုဖွဲ့သီဆိုကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အာဆီယံနိုင်ငံများမှ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်သူများအား ကျေးဇူးတင်စကားပြောကြားပြီး ပြိုင်ပွဲဝင် ၁၈ ဦးအား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းအတွက် အသိအမှတ်ပြုလက်မှတ်များ တစ်ဦးချင်းစီ ပေးအပ်သည်။

ညစာဖြင့် တည်ခင်းဧည့်ခံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ် တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တက်ရောက်လာကြသူများကလည်း တေးသီချင်းများဖြင့် ပျော်ရွှင်စွာ ပါဝင်သီဆိုကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၏ဇနီး ဒေါ်ခင်ဆွေဝင်းက ပြိုင်ပွဲဝင်များအား ဒေသထွက် မြန်မာ့ရိုးရာစားသောက်ကုန်ပစ္စည်းများကို တစ်ဦးချင်းစီ ကံစမ်းမဲဖောက်၍ လက်ဆောင်ပေးအပ်သည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဒုတိယဆုရရှိသည့် မလေးရှားနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပထမဆုရရှိသည့် မြန်မာနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တတိယဆုရရှိသည့် လာအိုနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။

# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်)မှ ဝမ်းသာပီတိစကားသံများ

**အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ဒေသတွင်းလူငယ်များအကြား ခိုင်မာအားကောင်းသည့် ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူပြုနိုင်စေရန် ၂၀၀၂ ခုနှစ်မှ စတင်၍ အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်အရ နှစ်နှစ်တစ်ကြိမ် အလှည့်ကျကျင်းပခဲ့သည်။**

**တွေ့ဆုံမေးမြန်း- ဝင်းသန့်၊ ဓာတ်ပုံ - ကိုအေးသန်း**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) (10th ASEAN Quiz– Regional Level) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ အခမ်းအနားသို့ တက်ရောက်လာသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။



မောင်ပြည့်စုံချမ်းသာ



Mr. George



Ms. Sirilak Sengdara




ဒေါ်စောကလျာစု

**မောင်ပြည့်စုံချမ်းသာ (ပထမဆု)**
**မြန်မာနိုင်ငံကိုယ်စားပြု**
**ဝင်ရောက်ယှဉ်ပြိုင်သူ**

အခုလို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ဆိုတာ နှောင်အနှစ် ၂၀ ကြာမှ တစ်ကြိမ် အခွင့်အရေးရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သုံးယောက်က မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ရတာဖြစ်လို့ မြန်မာနိုင်ငံရဲ့ဂုဏ်ကို ဆောင်နိုင်ဖို့ကြိုးစားခဲ့ပါတယ်။ အခုလို ဆုရရှိခဲ့တဲ့အတွက်လည်း ဝမ်းသာကြည်နူးရပါတယ်။ အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲက နှစ်နှစ်တစ်ကြိမ် ကျင်းပနေမှာဖြစ်တဲ့အတွက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် အသိပညာ၊ ဗဟုသုတတွေ၊ အတွေ့အကြုံသစ်တွေ အများကြီး ရရှိစေပါတယ်။ မိတ်ဆွေ သူငယ်ချင်းအသစ်တွေလည်း တိုးပွားစေတဲ့အတွက် ပါဝင်ယှဉ်ပြိုင်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**Mr. George (ဒုတိယဆု)**
**မလေးရှားနိုင်ငံကိုယ်စားပြု**
**ဝင်ရောက်ယှဉ်ပြိုင်သူ**

ဒီပွဲမှာ အခုလို ဆုရရှိခဲ့တဲ့အတွက် ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ကျွန်တော်တို့ သုံးဦးနဲ့ ကြီးကြပ်သူတွေ၊ နည်းပြဆရာတွေ အားလုံး အတိုင်းမသိ ဝမ်းသာပျော်ရွှင်ရပါတယ်။ ကျွန်တော်တို့အနေနဲ့ အင်တာနက်ပေါ်က အချက်အလက် ရှာဖွေတာတွေကို လုပ်ဆောင်ရပါတယ်။ ဒီပွဲအတွက် မအိပ်မနေ ကျွန်တော်တို့ ကြိုးစားခဲ့ရပါတယ်။ မြန်မာနိုင်ငံက တကယ့်ကို သာယာလှပတဲ့ နိုင်ငံဖြစ်ပြီး ဘုရားပုထိုး စေတီတွေ များစွာရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံက ထွက်ရှိတဲ့ အရာတွေထဲက ကျွန်တော် သဘောအကျဆုံးက ကော်ဖီဖြစ်ပြီး ရိုးရာဝတ်စုံကလည်း လှပပါတယ်။

**Ms. Sirilak Sengdara (တတိယဆု)**
**လာအိုနိုင်ငံကိုယ်စားပြု**
**ဝင်ရောက်ယှဉ်ပြိုင်သူ**

ဒီပွဲမှာပါဝင်ယှဉ်ပြိုင်ဖို့အတွက် အချိန်အများကြီးယူပြီး ပြင်ဆင်ခဲ့ရပါတယ်။ ကြီးကြပ်သူတွေ၊ နည်းပြတွေနဲ့လည်း အကြိမ်ကြိမ်သုံးသပ်ဆွေးနွေးတာတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီနိုင်ငံကို အခုလို လာရောက်ခွင့်ရတဲ့အတွက် အတိုင်းမသိပျော်ရွှင်ရပါတယ်။ ဒီနိုင်ငံရဲ့ ယဉ်ကျေးမှုတွေနဲ့ ရင်းနှီးခင်မင်မှုတွေကို သဘောကျနှစ်သက်မိပါတယ်။

**ဒေါ်စောကလျာစု(အကဲဖြတ်ဒိုင်)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

အာဆီယံမှာ မဏ္ဍိုင်သုံးရပ်ရှိပါတယ်။ အာဆီယံ စီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်အနေနဲ့ ကျွန်မတို့ဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်နေပါတယ်။ ဒါကြောင့် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲမှာ ဒိုင်အဖြစ် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒီအာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲက နိုင်ငံ ၁၀ နိုင်ငံမှာ ကျင်းပလာတာဖြစ်ပါတယ်။ ဒီနှစ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတာဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံရဲ့ ကလေးတွေနဲ့ နိုင်ငံရဲ့ ပုံရိပ်အတွက် ဂုဏ်ယူစရာကိစ္စတစ်ခုဖြစ်ပါတယ်။ ကိုယ့်နိုင်ငံအတွက် ဂုဏ်ယူစွာနဲ့ အကဲဖြတ်ဒိုင်အဖြစ် ပါဝင်ခဲ့တာဖြစ်ပါတယ်။

အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပခြင်းအားဖြင့် နိုင်ငံ ၁၀ နိုင်ငံမှာရှိတဲ့ ကျောင်းသားလူငယ်အချင်းချင်း ပေါင်းသင်းဆက်ဆံမှုတွေ တိုးတက်လာစေပါတယ်။ ကိုယ့်နိုင်ငံကို ဂုဏ်ယူတတ်စေတဲ့ အလေ့အကျင့်ကောင်းတွေလည်းရရှိစေပါတယ်။ ဒါ့အပြင် အနာဂတ်မှာ နိုင်ငံ့တာဝန်ကို ထမ်းဆောင်တဲ့အခါ အာဆီယံဒေသဆိုင်ရာ ဗဟုသုတတွေ၊ ဒီပွဲက ရရှိလာတဲ့ အတွေ့အကြုံတွေ၊ ကိုယ့်နိုင်ငံရဲ့အကျိုးသာမက ဒေသတွင်းမှာပါ ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတဲ့ အသိပညာတွေပါ ရရှိစေမှာဖြစ်ပါတယ်။




ဒေါ်မြတ်သူဇာသန်း




ဒေါက်တာစန္ဒာမြင့်မြင့်



မမေသဲဖြူအုန်း

**ဒေါ်မြတ်သူဇာသန်း(အကဲဖြတ်ဒိုင်)**
**ညွှန်ကြားရေးမှူး**
**အာဆီယံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

ဒီပြိုင်ပွဲဝင်တွေက နိုင်ငံတကာအဆင့်ဆင့်မှာ ပြိုင်ပွဲဝင်လာကြတဲ့ ကလေးတွေဖြစ်ပါတယ်။ Regional Level ပါဝင်ယှဉ်ပြိုင်ခွင့်ရတာ ကလေးတွေအတွက် အများကြီးအကျိုးရှိသလို အာဆီယံနိုင်ငံအချင်းချင်း၊ လူငယ်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေ များစွာတည်ဆောက်နိုင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အလှည့်ကျကျင်းပခွင့်ရတာဖြစ်တဲ့အတွက် ထူးခြားတဲ့ အခွင့်အရေးတစ်ရပ် ဖြစ်ပါတယ်။ ဒီလိုထူးခြားတဲ့အခွင့်အရေးမှာ ပြိုင်ပွဲဝင်ကျောင်းသားတွေသာမက တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းသားတွေလည်း ကြည့်ရှုခွင့်ရတဲ့အတွက် အာဆီယံဒေသဆိုင်ရာ အကြောင်းအရာတွေကို ပိုမိုစိတ်ဝင်စားလာစေပြီး အခွင့်အလမ်းတွေလည်း ရရှိလာစေမှာ ဖြစ်ပါတယ်။

**ဒေါက်တာစန္ဒာမြင့်မြင့်**
**အထက(၁) ဒဂုံ ကျောင်းအုပ်ကြီး**

ဒီအာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့ ကလေးတွေအတွက်ရော အထက(၁) ဒဂုံကျောင်းအနေနဲ့ပါ များစွာဂုဏ်ယူပါတယ်။ နောင်လာနောက်သား ကျောင်းသားလေးတွေလည်း အားကျအတုယူစိတ်ဖြစ်ပြီး နောက်နှစ်နှစ်အကြာမှာ ကျင်းပမယ့် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲအတွက် ကြိုတင်လေ့လာနိုင်တဲ့ အခွင့်အရေးတွေလည်း ရရှိစေပါတယ်။

**မမေသဲဖြူအုန်း**
**အောင်မြေသာစံမြို့နယ်**
**မန္တလေးတိုင်းဒေသကြီး**

သမီးတို့က မေလ National level ပြိုင်ပွဲပြီးကတည်းက ဆရာကြီး၊ ဆရာမကြီးတွေက သေချာလေ့ကျင့်ပေးခဲ့တာဖြစ်ပါတယ်။ သမီးက အရန်ဆိုတော့ ပါဝင်ယှဉ်ပြိုင်ခွင့် မရှိပါဘူး။ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့ သူငယ်ချင်းသုံးယောက်ကိုအကောင်းဆုံး အားပေးမှာပါ။

# ထန်းတပင်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်း၊ ရေပေးရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ရှေးဦးစွာ မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် တာဝန်ရှိသူများက ရေပေါ်သောင်ကျေးရွာစီမံအုပ်ချုပ်ရေးမှူး၊ မြစိမ်းရောင်ကော်မတီဝင်များ၊ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးကို ဦးစားပေးလုပ်ဆောင်နိုင်ရန်အတွက် မြစိမ်းရောင်စီမံကိန်းကို ယခုထက်ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် လိုအပ်သည်များရှိပါကလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းမှာကြား**

ထို့နောက် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်းများနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးနှင့် လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေး အထူးအလေးပေးလိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားသည်။

ဇင်မင်းထိုက်(ထန်းတပင်)



# ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(ဒေသတွင်းအဆင့်) ဓာတ်ပုံမြင်ကွင်း




ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(ဒေသတွင်းအဆင့်) ကျင်းပစဉ်။




မြန်မာနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူတို့ကို တွေ့ရစဉ်။



ကမ္ဘောဒီးယားနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူတို့ကို တွေ့ရစဉ်။



အင်ဒိုနီးရှားနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူတို့ကို တွေ့ရစဉ်။




မလေးရှားနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူတို့ကို တွေ့ရစဉ်။



လာအိုနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူတို့ကို တွေ့ရစဉ်။



ဗီယက်နမ်နိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူတို့ကို တွေ့ရစဉ်။




ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားပြုပြိုင်ပွဲဝင်
ကျောင်းသား ကျောင်းသူများ အွန်လိုင်းဖြင့် ပါဝင်ယှဉ်ပြိုင်စဉ်။

# ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(ဒေသတွင်းအဆင့်) ဓာတ်ပုံမြင်ကွင်း



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဗီယက်နမ်နိုင်ငံမှ ပြိုင်ပွဲဝင်များအား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်စဉ်။


ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက Park Royal ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၏ဇနီး ဒေါ်ခင်ဆွေဝင်း ဒေသထွက် မြန်မာ့ရိုးရာစားသောက်ကုန်ပစ္စည်းများ လက်ဆောင်ပေးအပ်စဉ်။


ဂုဏ်ပြုညစာစားပွဲတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။




## ကပြဖျော်ဖြေ တင်ဆက်

အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) ဖွင့်ပွဲ အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ပြည်ထောင်စု၏ထာဝရအလှများ တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြစဉ်။


အမျိုးသားပြတိုက်တွင် ကျောင်းသား ကျောင်းသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။


ကျောင်းသား ကျောင်းသူများ ကျောက်မျက်ပြတိုက်အတွင်း လေ့လာကြည့်ရှုကြစဉ်။

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၂) ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၄

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၂)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ပြသသည်။

## ပူးပေါင်းဆောင်ရွက်

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ရာ ဖမ်းဆီးရမိမှုများ နှစ်စဉ်တိုးမြင့်လာသည်ကို တွေ့ရမည်ဖြစ်ပြီး အထူးစစ်ဆင်ရေးများကို ယနေ့အထိ ၃၇ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ၆၂၇၆ မှုရှိပြီး ဘိန်း ၁ ဒသမ ၁ တန်ကျော်၊ ဘိန်းဖြူ ၁ ဒသမ ၃၂ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၄ ဒသမ ၈၇ သန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ၂၁ ဒသမ ၇၅ တန်ကျော်၊ ကတ်တမင်း ၂ ဒသမ ၀၄ တန်ကျော်အပါအဝင် အခြားမူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ အပါအဝင် ဆက်စပ်ပစ္စည်း စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၁၀၆၉ ဒသမ ၉၄ ဘီလီယံကျော်ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် တားဆီးနှိမ်နင်းရေး ကဏ္ဍတစ်ခုတည်း အောင်မြင်ရုံမျှဖြင့် မူးယစ်ဆေးဝါးပပျောက်သွားမည်ဟု ယူဆ၍မရကြောင်း၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့လုံးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့များ အနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဟန်ချက်ညီညီ အလေးထားပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း။

၂၀၂၁ ခုနှစ်အတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်၍ ငွေကြေးစုံစမ်းစစ်ဆေးရေးအဖွဲ့သို့ အမှုပေါင်း ၂၉ မှုနှင့် ၂၀၂၂ ခုနှစ်တွင် အမှုပေါင်း ၂၆ မှု လွှဲပြောင်းပေးခဲ့ကြောင်း၊ မူးယစ်ဆေးဝါးများ စွမ်းစွမ်းတမံ ဆောင်ရွက်ဖမ်းဆီးမှုများတွင် ပါဝင်သူများကို ရာထူးတိုးမြှင့်ပေးခြင်း၊ အမှုထမ်းကောင်းလက်မှတ်နှင့် ဆုကြေးငွေချီးမြှင့်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သကဲ့သို့ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ မသမာမှု ပြုလုပ်ခြင်းများကိုလည်း အရေးယူဆောင်ရွက်ခဲ့ကြောင်း။

ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၉၀ ကျော်ရှိသည့်အနက် ၁၉၀ ခန့်သည် မူးယစ်ဆေးဝါးပြဿနာနှင့် ရင်ဆိုင်နေကြရကြောင်း၊ ၂၀၂၂ ခုနှစ် UNODC မှ ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာအရ အရှေ့နှင့် အရှေ့တောင်အာရှဒေသတွင် မက်သ်အဖက်တမင်းသည် အဓိကပြဿနာအဖြစ် တည်ရှိနေကြောင်း၊ ယခုအခါ ထိန်းချုပ်ဓာတုပစ္စည်းများသည် ရှေ့တန်းရောက်ရှိလာသဖြင့် ဓာတုပစ္စည်းထိန်းချုပ်ရေးကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ တရားဝင်ခွင့်ပြုချက်နှင့် တင်သွင်းလာသည့် ဓာတုပစ္စည်းများ လမ်းလွဲ မရောက်စေရေးအတွက် သက်ဆိုင်ရာဌာနများပူးပေါင်း၍ အထူးကြပ်မတ်သွားကြရန်လိုကြောင်း။

မြန်မာနိုင်ငံတစ်ဝန်းလုံး ရင်ဆိုင်နေရသည့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန် ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်သည့် မူဝါဒသစ်နှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တက်ကြွစွာပါဝင်ပေးကြရန်နှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စီမံချက်ပါလုပ်ငန်းများထက် ၂၀၂၃ ခုနှစ်တွင် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်ချုပ်ဇင်မင်းထက်က မူးယစ်ဆေးဝါး ထိန်းချုပ်ရေး ကြိုးပမ်းချက်အပေါ် သုံးသပ်တင်ပြပြီး တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လိုအပ်ချက်များနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ရဲအရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဗို့အားပြည့်ဝစွာ ဖြန့်ဖြူးပေးပို့နိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်



နေပြည်တော် ဒီဇင်ဘာ ၁၄

ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် ဗို့အားပြည့်ဝစွာ ဖြန့်ဖြူးပေးပို့နိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့အတွက် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများကို သန့်ရှင်းရေးပြုလုပ်ခြင်းအပါအဝင် ထိန်းသိမ်းပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားကြရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများနှင့် တွေ့ဆုံစဉ် တိုက်တွန်းမှာကြားသည်။

## ရှင်းလင်းပြောကြား

ပြည်ထောင်စုဝန်ကြီးသည် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း တိုင်းဒေသကြီး/ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးခန်းမ၌ တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအကျဆုံး လိုအပ်ချက်သည် လျှပ်စစ်ဓာတ်အားဖြစ်သည့်အတွက် နိုင်ငံတော်၏ တိုးတက်သုံးစွဲလာသည့် ဓာတ်အားလိုအပ်ချက်ကို ရရှိနိုင်သမျှသော စွမ်းအင်အရင်းအမြစ်မျိုးစုံကို အသုံးပြုပြီး ရေတိုရေရှည်နည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အား အမြန်ဆုံးတိုးတက်ရရှိရေးကိုစီမံဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးတွင် အရင်းအမြစ်မျိုးစုံမှ စက်တပ်ဆင်အင်အားသည် ၇၂၈၇ မဂ္ဂါဝပ်ရှိသော်လည်း ရေအားလျှပ်စစ် စက်ရုံများတွင် လာမည့်နွေရာသီအတွက် ရေစုဆောင်းထားရခြင်း၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလျော့နည်းနေခြင်း၊ မဟာဓာတ်အားလိုင်းတိုင်များ ဖောက်ခွဲဖျက်ဆီးခံရသဖြင့် ပို့လွှတ်မှုလျော့နည်းနေခြင်းတို့ကြောင့် ထုတ်လုပ်မှုတွင် ၃၀၆၄ မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်နိုင်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် သုံးစွဲမှုကိုအခြေခံ၍ ဝန်အားမျှတစွာ ဖြန့်ဝေပေးထားရကြောင်း၊ ထို့အပြင် ထပ်မံတိုးမြှင့် ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်နေသည့် ကာလများတွင် ရရှိပြီးပို့လွှတ်လျက်ရှိသော ဓာတ်အားလိုင်းများကို NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများက ဖောက်ခွဲဖျက်ဆီးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

## မှာကြား

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှုမမျှတ၍ လိုအပ်ချက်များရှိနေကြောင်း၊ ထိုလိုအပ်ချက်များကို ပြည့်မီနိုင်ရန် တစ်ဖက်တွင် ဖျက်ဆီးခံရသောဓာတ်အားလိုင်းတိုင်များကို ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ စီမံဆောင်ရွက်ထားပြီးဖြစ်သော စီမံကိန်းအသစ်များကိုလည်း သတ်မှတ်နှစ်များတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို သုံးစွဲသူများထံရရှိစေရန် ပို့လွှတ်ရေးအပိုင်းနှင့် ဖြန့်ဖြူးရေးအပိုင်းတို့သည်လည်း အရေးပါလျက်ရှိကြောင်း။

သယ်ယူပို့ဆောင်ပေးနေသော ဓာတ်အားလိုင်းများအနေဖြင့်လည်း လိုင်းတစ်လိုင်း အပြစ်ဖြစ်ပွားချိန်၌ အခြားလိုင်းတစ်လိုင်းမှ ပြန်လည်ပေးအပ်နိုင်ရေး စီမံဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ ဓာတ်အားခကောက်ခံခြင်း အပိုင်းတွင်လည်း နိုင်ငံတော်မှရရှိမည့် ဓာတ်အားခ အခွန်အခများကိုလည်း အပြည့်အဝကောက်ခံရရှိရေး အားလုံးတက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်စဉ် လုံခြုံရေးအား အထူးဂရုပြု ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်မှ ခွင့်ပြုရရှိသည့်ဘဏ္ဍာငွေများအပေါ် လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျ စိစစ်၍ စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

တွေ့ဆုံပွဲတွင် ဦးစီးဌာန/လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိမှုနှင့် လျှပ်စစ်ဓာတ်အား ခွဲဝေဖြန့်ဖြူးပေးနေမှုကိုလည်းကောင်း၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာတို့က တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဓာတ်အားခကောက်ခံရရှိမှု၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဖြည့်စွက်ဆွေးနွေး တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

## MSME ချေးငွေများဆိုင်ရာ အသိပေးကြေညာချက်

၁။ နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်နိုင်ရေးနှင့် လုပ်ငန်းများ ပိုမိုချဲ့ထွင်နိုင်ရေးတို့အတွက် လိုအပ်သည့် ငွေကြေး အရင်းအနှီးများရရှိစေရန် MSME ချေးငွေများကို ၂၀၁၂ ခုနှစ်မှ စတင်၍ ထုတ်ချေးပေးလျက်ရှိပါသည်။ MSME လုပ်ငန်းရှင်များအနေဖြင့် အောက်ဖော်ပြပါ ချေးငွေအမျိုးအစားများကို သက်ဆိုင်ရာဘဏ်များသို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

(က) **JICA Two-Step Loan ချေးငွေ**

**ဆောင်ရွက်သည့်ဘဏ်** - မြန်မာ့စီးပွားရေးဘဏ်၊ ရောဝတီဘဏ်၊ သမဝါယမဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်

**ချေးငွေသက်တမ်း** - (၅)နှစ် (အများဆုံး)

**ချေးငွေပမာဏ** - ကျပ်သန်း ၅၀၀ (အများဆုံး)

**အတိုးနှုန်း** - ၅.၅% (မရွှေ့ပြောင်းနိုင်သော အာမခံပစ္စည်းဖြင့်ချေးယူလျှင်)
၆%~၁၀% (အပေါင်ပစ္စည်းလျှော့ပေါ့ချေးငွေချေးယူလျှင်)

**အပေါင်ပစ္စည်း** - မရွှေ့ပြောင်းနိုင်သောပစ္စည်း(မြေနှင့်မြေပေါ်ရှိအဆောက်အဦ)၊ CGI အာမခံ

(ခ) **MEB (MSME) ချေးငွေ**

**ဆောင်ရွက်သည့်ဘဏ်** - မြန်မာ့စီးပွားရေးဘဏ်

**ချေးငွေသက်တမ်း** - (၅)နှစ် (အများဆုံး)

**ချေးငွေပမာဏ** - ကျပ်သန်း ၃၀၀ (အများဆုံး)

**အတိုးနှုန်း** - ၆.၅% (မရွှေ့ပြောင်းနိုင်သော အာမခံပစ္စည်းဖြင့်ချေးယူလျှင်)
၇%~၉% (အပေါင်ပစ္စည်းလျှော့ပေါ့ချေးငွေချေးယူလျှင်)
၈.၅%~၁၁.၅% (အပေါင်ပစ္စည်းတွင်စက်ပစ္စည်းအာမခံထည့်သွင်းချေးယူလျှင်)

**အပေါင်ပစ္စည်း** - မရွှေ့ပြောင်းနိုင်သောပစ္စည်း(မြေနှင့်မြေပေါ်ရှိအဆောက်အဦ)၊ CGI အာမခံ၊ စက်ပစ္စည်း

၂။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအထိ နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် ထုတ်ချေးသည့် ချေးငွေအစီအစဉ်များအနက် SMIDB (SME) ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင်(၄၅၆)ဦးသို့ ချေးငွေကျပ် (၂၀,၆၃၈)သန်း၊ JICA Two-Step Loan (MSME)ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင်(၂,၀၄၅)ဦးသို့ ချေးငွေကျပ် (၃၆၄,၅၃၄.၁၈) သန်းနှင့် MEB(MSME) ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင် (၃၄၂)ဦးသို့ ချေးငွေကျပ် (၂၅,၉၇၇)သန်း ထုတ်ချေးပြီးဖြစ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ရွေ့လျားဆေးကုသယာဉ်နှင့် ပြည်ထောင်စုနယ်မြေရှိ လူမှုဖူလုံရေးအကျိုးဝင် ဝန်ကြီးဌာနများသို့ ကွင်းဆင်းဆေးကုသမှု ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ယနေ့တွင် ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit)ဖြင့် ပြည်ထောင်စုနယ်မြေရှိ လူမှုဖူလုံရေးအကျိုးဝင် ဝန်ကြီးဌာနများဖြစ်သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနများသို့ ကွင်းဆင်းဆေးကုသမှုများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အာမခံအလုပ်သမား ၁၈၉၄ ဦးရှိသည့်အနက် အာမခံအလုပ်သမား ၂၉၅ ဦးကို လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနမှ အာမခံအလုပ်သမား ၉၀၈ ဦးရှိသည့်အနက် အာမခံအလုပ်သမား ၂၀၂ ဦးကိုလည်းကောင်း ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။



အလုပ်သမားဝန်ကြီးဌာနသို့ ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ကွင်းဆင်းကုသဆောင်ရွက်နေမှုကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ထမ်းများအတွက် Mask များနှင့် အားဆေးများကို ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် အဖွဲ့ရုံးတို့ရှိ ညွှန်ကြားရေးမှူးချုပ်များကို ပေးအပ်သည်။

လုပ်ခလစာတစ်လလျှင် ငွေကျပ် တစ်သိန်းရရှိသည့် အာမခံအလုပ်သမားတစ်ဦးအနေဖြင့် အလုပ်သမားထည့်ဝင်ကြေး ၂ ရာခိုင်နှုန်းအတွက် ငွေကျပ် ၂၀၀၀ နှင့် အလုပ်ရှင်မှ ၃ ရာခိုင်နှုန်းအတွက် ငွေကျပ် ၃၀၀၀ စုစုပေါင်း ၅ ရာခိုင်နှုန်းအတွက် ငွေကျပ် ၅၀၀၀ ပေးသွင်းရပြီး အများဆုံးလုပ်ခလစာ ငွေကျပ် သုံးသိန်းအထိ သတ်မှတ်ထားပြီး အလုပ်သမား ထည့်ဝင်ကြေး ၂ ရာခိုင်နှုန်းအတွက် ကျပ် ၆၀၀၀ နှင့် အလုပ်ရှင်မှ ၃ ရာခိုင်နှုန်းအတွက် ငွေကျပ် ၉၀၀၀ စုစုပေါင်း ၅ ရာခိုင်နှုန်းအတွက် ငွေကျပ် ၁၅၀၀၀ ပေးသွင်းရကာ လစဉ် ထည့်ဝင်ကြေးပေါ်မူတည်၍ မကျန်းမာမှုအကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ နာရေးစရိတ်၊ အလုပ်တွင်ထိခိုက်မှုကြောင့် ယာယီမသန်မစွမ်းဖြစ်မှု အကျိုးခံစားခွင့်၊ အမြဲတမ်းမသန်မစွမ်း အကျိုးခံစားခွင့်နှင့် အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် စသည်တို့ကို ခံစားရရှိနိုင်သည်။

လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်ပေါင်း ၁၁၆ မြို့နယ်ရှိ အကျုံးဝင်အာမခံအလုပ်သမားပေါင်း ၁ ဒသမ ၂၃ သန်းခန့်၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များကို အလုပ်သမားဆေးရုံကြီးသုံးရုံ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်ရုံးခွဲပေါင်း ၉၉ ရုံး၊ မြို့နယ်ဆေးခန်းပေါင်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၇ ခန်း၊ PPS စနစ်ဖြင့် Free for Services Payment ဆေးခန်း ၁၂ ခန်း၊ Capitation Payment ဆေးခန်း ၂၅ ခန်း၊ သားဖွားမီးယပ်ဝန်ဆောင်မှုဆေးခန်း ရှစ်ခန်းနှင့် တိုင်းရင်းဆေးကုခန်း တစ်ခန်းအပြင် ရွေ့လျားဆေးကုသယာဉ်နှစ်စီးဖြင့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ အာမခံအလုပ်သမားများအတွက် ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များသို့ ကွင်းဆင်းဆေးကုသမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပခုက္ကူတက္ကသိုလ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပခုက္ကူ ဒီဇင်ဘာ ၁၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ် လေးထပ်ဆောင် (ဘွဲ့နှင်းသဘင်)ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တင်ထွန်းအောင်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်းကို ရှင်းလင်းပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (ပခုက္ကူခရိုင်)မှ ရဲအုပ် သိန်းဌေးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာဥပဒေများ၊ ပြည်ပအလုပ်အကိုင်များအကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ ကျခံနိုင်သည့်ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို လည်းကောင်း၊ အမှတ်(၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့ဌာနစိတ် (ပခုက္ကူခရိုင်)မှ ရဲအုပ်ဝင်းလှိုင်က မော်တော်ကား (သို့) မော်တော်ဆိုင်ကယ် မောင်းနှင်သူများနှင့် စီးနင်းသူများလိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်မမောင်းမီ စစ်ဆေးရမည့်ပစ္စည်းများ၊ အန္တရာယ်သတိပေးလမ်းညွှန်များ၊ တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းလမ်းညွှန်များ၊ အမိန့်ပေးလမ်းညွှန်များ၊ ယာဉ်တိုက်မှုကျူးလွန်သူအား အရေးယူအပြစ်ပေးခြင်းခံရနိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ယာဉ်တိုက်မှုဖြစ်ပွားလျှင် အရေးပေါ်ကူညီပေးနိုင်သည့် ရှေးဦးပြုစုနည်းများနှင့် ဆက်သွယ်အကြောင်းကြားနိုင်သည့် ဖုန်းနံပါတ်များအကြောင်းကို လည်းကောင်း ရှင်းလင်းဟောပြောကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ကြပြီး ဟောပြောပွဲ အကြောင်းအရာများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဟောပြောဆွေးနွေးသူများအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

# ဗီယက်နမ်နိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာပြည်ပရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံအထိ ရောက်ရှိလာစေရေး ရည်မှန်းချက်ထားဆောင်ရွက်

**ဟနွိုင်း ဒီဇင်ဘာ ၁၄**

ဗီယက်နမ်နိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်အရောက်တွင် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ပြည်ပရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံအထိ ရောက်ရှိလာစေရေး ရည်မှန်းချက်ထားရှိဆောင်ရွက်နေကြောင်း Vietnam News သတင်းစာက ဒီဇင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

အဆိုပါရည်မှန်းချက် ပြည့်မီစေရေးအပါအဝင် နိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေးနှင့် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဗီယက်နမ်နိုင်ငံက ထိရောက်သည့်နည်းလမ်းများ အသုံးပြု၍ ဆွဲဆောင်နေကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ၂၀၀၉ ခုနှစ် မှ ၂၀၂၁ ခုနှစ်အတွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများက စီမံကိန်း ၂၀၀၀ ခန့် ရင်းနှီးမြှုပ်နှံခဲ့ကြပြီး ယင်းစီမံကိန်းများ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလီယံရှိကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မူဝါဒနှင့် မဟာဗျူဟာဆိုင်ရာ အင်စတီကျူမှ တာဝန်ရှိသူ တာသူထရင်က ပြောကြားသည်။

နိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်လိုအပ်နေပြီး အဓိကအားဖြင့် နည်းပညာလွှဲပြောင်းရယူရေးဆိုင်ရာကဏ္ဍများအား မြှင့်တင်ရန်လိုအပ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်ဌာန တာဝန်ရှိသူ ငုယင်အမ်ဖောင်က ပြောကြားသည်။

ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်း၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများမြင့်တင်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး အလျင်အမြန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ဒူဒန်ကောင်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**





# ကွန်ဂိုနိုင်ငံ၏မြို့တော်၌ ရေကြီးမှုနှင့် မြေပြိုမှုကြောင့် ၁၄၁ ဦး သေဆုံး

**ကင်ရှာဆာ ဒီဇင်ဘာ ၁၄**

ကွန်ဂိုနိုင်ငံ၏မြို့တော် ကင်ရှာဆာ၌ ဒီဇင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုမှတစ်ဆင့် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် အနည်းဆုံး ၁၄၁ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဒီဇင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်များအရ သိရသည်။

ကင်ရှာဆာပြည်နယ် ကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်အရ မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် ရေကြီးမှုဖြစ်ပွားခဲ့ခြင်းကြောင့် လူနေအိမ် ၃၈၇၈၇ လုံး ပျက်စီးမှုရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ကင်ရှာဆာမြို့နှင့် မာတာဒီဆိပ်ကမ်းမြို့တို့အကြား ဆက်သွယ်ထားသည့် N1 အမည်ရှိ အဝေးပြေးလမ်းမသည်လည်း ပျက်စီးသွားခဲ့ကြောင်း ကင်ရှာဆာမြို့ အာဏာပိုင်များက ပြောကြားသည်။

၂၀၁၉ ခုနှစ်အတွင်းကလည်း မြို့တော်ကင်ရှာဆာ၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ပြည်သူ ၃၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၄၅၇၁ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဒီဇင်ဘာ ၁၄**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၄၅၇၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၇၉၂၅၅၇၂ ဦး ရှိလာကြောင်းတောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၇၃ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၁၁၇၄ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# အီရန်နှင့် ရုရှား အာကာသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမည်

**တီဟီရန် ဒီဇင်ဘာ ၁၄**

အီရန်အာကာသအေဂျင်စီ (ISA)နှင့် ရုရှားနိုင်ငံ အာကာသကော်ပိုရေးရှင်း Roscosmos တို့အကြား အာကာသကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ကြောင်း IRNA သတင်းအေဂျင်စီက ပြောကြားသည်။

**ဆောင်ရွက်သွားမည်**

11th Kish International Aero-space Exhibition ဟု အမည်ရသည့် အပြည်ပြည်ဆိုင်ရာ အာကာသပြပွဲကို အီရန်နိုင်ငံတောင်ပိုင်းရှိ ကက်ကျွန်းတွင် ကျင်းပသွားမည်ဖြစ်ပြီး ယင်းပြပွဲအတွင်း အီရန် အာကာသအေဂျင်စီ(ISA)နှင့် ရုရှားနိုင်ငံ အာကာသကော်ပိုရေးရှင်း Roscosmos တို့မှ တာဝန်ရှိသူများအကြား ဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အီရန်နှင့် ရုရှားအကြား အာကာသယာဉ် ဒီဇိုင်းရေးဆွဲခြင်းနှင့် တည်ဆောက် ထုတ်လုပ်ရေးအတွက် ဆွေးနွေးပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အီရန်နိုင်ငံ၏ အာကာသဆိုင်ရာ နည်းပညာတိုးတက်မှုများကိုလည်း ယင်းပြပွဲတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သောနှစ်များအတွင်း အီရန်သည် အာကာသဆိုင်ရာလုပ်ငန်းတွင် သိသာထင်ရှားသော အောင်မြင်မှုများရရှိခဲ့သည်။

**လွှတ်တင်**

အီရန်နိုင်ငံမှ Khayyam အာကာသယာဉ်အား ကာဇက်စ္စတန်ရှိ Baikonur အာကာသစခန်းမှနေ၍ ရုရှားဆိုယုဂ်ဒုံးပျံဖြင့် အာကာသထဲသို့ ဩဂုတ်လအစောပိုင်းတွင် လွှတ်တင်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၃ ဦး ထပ်မံသေဆုံး

**မနီလာ ဒီဇင်ဘာ ၁၄**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၃ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၉၄၄ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၀၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၅၁၇၅၄ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၀၃၅ ဦး ရှိသည်။

ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၃၆၈ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၈ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပြည့်အဝထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၃ ဒသမ ၆ သန်းကျော်အား ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

## NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများမှ ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ အောင်လံ-သရက် ဓာတ်အားလိုင်း တာဝါတိုင်များ ဖောက်ခွဲဖျက်ဆီးမှုနှင့် ၆၆ ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်းကြိုး ပစ်ခတ်ဖျက်ဆီးမှု အခြေအနေများအား သတင်းထုတ်ပြန်

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စီမံဆောင်ရွက်နေသော်လည်း ယခုကာလများတွင် ပြည်သူလူထု၏လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် ထုတ်လုပ်ပေးနိုင်မှုကို အခြေခံ၍ မျှတစွာခွဲဝေခံစားရရှိနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဖြူးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်နေသည့်ကာလတွင် ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူး ပေးလျက်ရှိသော ဓာတ်အားလိုင်းများမှ ဘီလူးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်ပေးလျက်ရှိသည့် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်း၏ တာဝါတိုင်(၂)တိုင်နှင့် သရက်မြို့နှင့် အနီးဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ၆၆ ကေဗွီ အောင်လံ-သရက် ဓာတ်အားလိုင်း၏ တာဝါတိုင် (၁) တိုင်တို့ကို (၁၃-၁၂-၂၀၂၂) ရက်နေ့တွင်လည်းကောင်း၊ ၆၆ ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်းကြိုးအား (၁၄-၁၂-၂၀၂၂) ရက်နေ့တွင်လည်းကောင်း NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများမှ ထပ်မံဖောက်ခွဲပစ်ခတ်ဖျက်ဆီးခဲ့သဖြင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ဆက်လက်ဖြန့်ဖြူးနိုင်ရေးအတွက် အမြန်ဆုံးပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ပါ၍ ယနေ့အချိန်ထိ NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သည့်အကြိမ်ပေါင်း(၄၄)ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့်ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ် ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ခေါင်းရပ်ကွက်နေ ပိုင်ဟိန်းခန့်(ခ) အာဆွင်းသည် ၎င်းအသုံးပြုသည့် “Arswin” Facebook အကောင့်ဖြင့် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပေါင်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ကုန်ထုတ်လမ်း/တံတားဖောက်လုပ်နေမှု စစ်ဆေး

ပေါင် ဒီဇင်ဘာ ၁၄

မွန်ပြည်နယ် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဲကုန်းကျေးရွာနှင့် ကျုံဟော်ကျေးရွာတို့တွင် ကျေးလက် ကုန်ထုတ်လမ်း/တံတားများဖောက်လုပ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ သထုံခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ ပေါင်မြို့နယ် မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် တာဝန်ရှိသူများသည် ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ သဲကုန်းကျေးရွာတွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၅၇ ဒသမ ၀၁၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် Golden Decades ကုမ္ပဏီမှတာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်း အရှည်ပေ ၁၅၈၄၀၊အကျယ် ၁၂ပေ၊ ဒု တစ်ပေရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး နှင့်တာဝန်ရှိသူများသည် လင်းနိုင် ကုမ္ပဏီက ကျုံဟော်ကျေးရွာတွင်ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၁၅ သန်းဖြင့်ကျေးလက်ကုန်ထုတ်လမ်း အရှည်ပေ ၁၂၀၀၀၊အကျယ် ၁၂ ပေ၊ ဒုတစ်ပေရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် Active now ကုမ္ပဏီက အလျားပေ ၄၀၊ အနံ ၁၆ ပေ၊ အမြင့် ရှစ်ပေရှိ ကျေးလက်ကုန်ထုတ်တံတားတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**၂၂၂**

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဒီဇင်ဘာ ၁၄

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

မွန်ပြည်နယ် သထုံမြို့ အောက်ကျင်းရပ်ကွက်နေ မဇာခြည်ဦးက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နေ မ----၊ ၁၉ နှစ်အား တရုတ်နိုင်ငံတွင် အိမ်ဖော်အလုပ်ရမည်ဟု စည်းရုံးပြောဆို၍ တရုတ်မယားအဖြစ် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း(ပ)၅၄၆/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ ဗိုလ်တထောင်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် တရားခံ မဇာခြည်ဦး အား လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မလှိုင်မြို့နယ်ရှိ သင်ပုန်းရေလှောင်တမံအတွင်း ငါးမြစ်ချင်းငါးမျိုးစိုက်ထည့်

မလှိုင် ဒီဇင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဘီးစပ်ကုန်းကျေးရွာအနီး သင်ပုန်းရေလှောင်တမံ၌ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ငါးမြစ်ချင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါတမံအတွင်းသို့ ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်ဇော်သိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထိန်တို့က ငါးမြစ်ချင်းကောင်ရေ ၂၀၀၀၀ မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**၀၅၀**

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**

## မအူပင်မြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်ရပ်မိရပ်ဖများ၊ ပြည်သူများ တွေ့ဆုံဆွေးနွေး

မအူပင် ဒီဇင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ နယ်မြေစိုးမိုးရေးအတွက် စစ်ကြောင်းကြီးငါးကြောင်းဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ၊ ပြည်သူများတွေ့ဆုံပွဲကို ကျွဲဂုတ်ကျေးရွာအုပ်စု ဇေယျာသိဒ္ဓိမင်္ဂလာကျောင်းတိုက် ဓမ္မာရုံနှင့်ငါးဖယ်အိုကျေးရွာအုပ်စု ဇမ္ဗူဒီပကျောင်းတိုက် ဓမ္မာရုံတို့၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ မူခင်းလျော့နည်းကျဆင်းရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူစွာပြုလုပ်နိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဒေသဖွံ့ဖြိုးရေး စသည့် လုပ်ငန်းကိစ္စရပ် အသီးသီးကို သက်ဆိုင်ရာဌာနများအလိုက် ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့်ပြည်သူများက သိရှိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ မအူပင်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်ဝိုင်းသက်ဦး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဇော်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသောပြည်သူများအား ဆန်များလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၅ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၇၀ | ၁၉၉၀ | ၁၉၇၅ | ၁၉၅၅ | ၂၀၅၀ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၂၅ | ၂၇၆၀ |
| 95 Ron | ၂၀၁၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၆၀ | ၂၀၄၀ | ၂၁၃၅ | ၂၁၅၀ | ၂၀၄၅ | ၂၀၆၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၁၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၅၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၅၀၀ | ၂၄၉၅ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၆၆၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၅ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၅ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၂၈ | ၁၈၉၈ |
| 95 Ron | ၁၉၁၀ | ၁၉၈၂ |
| HSD (500 ppm) | ၂၂၄၈ | ၂၃၂၃ |
| HSD (50 ppm) | ၂၃၂၂ | ၂၃၉၈ |
| HSD (10 ppm) | ၂၃၂၂ | ၂၃၉၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 ပွဲစဉ်(၁၆) ဒုတိယအဆင့် (Level -2) ပြိုင်ပွဲ Result Show ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

နေပြည်တော် ဒီဇင်ဘာ ၁၄

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" Season–2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂ ရက်မှစတင်ပြီး ပွဲစဉ် ၁၈ ပွဲဖြင့် အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ဆက်လက်ကျင်းပမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က လည်းကောင်း၊ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဥ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် လည်းကောင်း ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာမှ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level–2) တွင် ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင် ၁၀ ဦးအား ဦးစွာရွေးချယ်ခဲ့ပြီး ဆက်လက်ယှဉ်ပြိုင်မှုဖြင့် ထပ်မံရွေးချယ်ခဲ့ရာ ပြိုင်ပွဲဝင်ခုနစ်ဦး ပေါ်ထွက်လာပြီဖြစ်၍ ပွဲစဉ် ၁၆ အား ဒီဇင်ဘာ ၁၆ ရက် သောကြာနေ့ညတွင် MRTV–HD မှ Result Show အဖြစ် တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level–2) မှစ၍ အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ဖြင့် ပေးပို့မှု ၇၀ ရာခိုင်နှုန်း သတ်မှတ်ထားရှိရာ ပရိသတ်များအနေဖြင့် ပြိုင်ပွဲဝင်များဖြစ်ကြသော ချင်းပြည်နယ်မှ မြင့်မြတ်သူ (MFO2) ၊ ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MFO3)၊ ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MFO5)၊ ကရင်ပြည်နယ်မှ ချိုသဲဦး (MFO6)၊ ကချင်ပြည်နယ်မှ လလဆွတ် (MFO7)၊ နေပြည်တော်မှ ပူတူး (MFO9) နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10) တို့အား ပြည်တွင်းတယ်လီဖုန်း Operator များမှတစ်ဆင့် Code No 7575 သို့ ပြိုင်ပွဲဝင်၏ MF နံပါတ်ကို ရိုက်နှိပ်၍ ဒီဇင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီအထိ SMS အကန့်အသတ်မရှိ ပေးပို့နိုင်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

## "နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်" မှ "မဟောသဓာ မယားတရားစီရင်ခန်း" ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်




နေပြည်တော် ဒီဇင်ဘာ ၁၄

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ "မဟောသဓာ မယားတရားစီရင်ခန်း" ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင်စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရှာစားဝါးခယ်မစိန်မုန့်လုံး၏တီးခတ်မှု ဘွန်း၊ ဆန်းနေအောင်၊ ပေါက်ကျော်၊ ပေါက်မဲ၊ ဦးဝါဝင်း၊ ချမ်းချမ်းမိုး၊ မစိမ်းစိမ်းတို့နှင့်အတူ သဘင်ပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဒီဇင်ဘာ ၁၇ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၁ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခန့်ခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သုတဝေဖြာ သိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် ဒီဇင်ဘာ ၁၄

သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ်(၉၆)ကို ဒီဇင်ဘာ ၁၆ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးသီဟနှင့် သိမ့်သိမ့်အောင် တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဒီဇင်ဘာ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား




၏ MRTV–HD မှ ည ၇ နာရီတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၉၁၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၉၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၆၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၄၃,၄၈၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၅၀၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၀၄၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၃-၁၂-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၀၇,၆၆၉) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၈၅,၀၅၉) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

**(၁၃-၁၂-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၀၇,၆၆၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၈၅,၀၅၉ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ၂၉ ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ကျိုင်းတုံခရိုင် မီးသတ်တပ်ဖွဲ့စခန်းနှင့် အကျဉ်းထောင် ကြည့်ရှုစစ်ဆေး

**ကျိုင်းတုံ ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၃ နာရီက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မီးသတ်တပ်ဖွဲ့စခန်းသို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြောင်း သိရသည်။

ကျိုင်းတုံခရိုင်ရှိ မီးသတ်တပ်ဖွဲ့ဝင်များက ပြည်နယ်ဝန်ကြီးချုပ်အား အလေးပြုကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မီးသတ်စခန်းရှိ ယာဉ်၊ စက်များအား ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ကျိုင်းတုံခရိုင် မီးသတ်တပ်ဖွဲ့စခန်း ကျိုင်းတုံခရိုင် မီးသတ် ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူက ကျိုင်းတုံခရိုင် မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ပရိုဂျက်တာဖြင့်ရှင်းလင်းသည်။

ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ မကြာမီကာလတွင် ပွင့်လင်းရာသီရောက်ရှိလာမည်ဖြစ်၍ မီးဘေးအန္တရာယ် လုံခြုံရေးကို ဂရုစိုက်ရန်နှင့် လိုအပ်သည်များရှိပါက ကျိုင်းတုံခရိုင်ပြည်နယ်အစိုးရအဖွဲ့ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မီးသတ်တပ်ဖွဲ့စခန်းအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ကျိုင်းတုံခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူက လက်ခံရယူ၍ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မီးသတ်ပစ္စည်းများနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ပစ္စည်းများ ကြည့်ရှုကြကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံအကျဉ်းထောင်သို့ သွားရောက်ကာ အမျိုးသားဆောင်၊ အမျိုးသမီးဆောင်၊ အကျဉ်းထောင်အတွင်း "အ"သုံးလုံးစာသင်ပို့ချနေမှု၊ စာကြည့်တိုက်များ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဆေးရုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးစကားပြောကြား၍ ကလေးငယ်များအား စားစရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ပြည်ပပို့ကုန် မြန်မာ့ကုလားပဲ စိုက်ဧက ခုနစ်သောင်းကျော် စိုက်ပျိုးပြီးစီး

**မန္တလေး ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်း ပဲမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆောင်းရာသီသီးနှံဖြစ်သည့် ကုလားပဲကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၂၂၇၉၀၀ ကျော် စိုက်ပျိုးရန် လျာထားပြီး လက်ရှိအချိန်အထိ ၇၂၆၀၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ပဲမျိုးစုံတာဝန်ခံက ပြောသည်။

အဆိုပါ ကုလားပဲသီးနှံကို တိုင်းဒေသကြီး ခရိုင် ၁၁ ခရိုင်အတွင်းရှိ မြို့နယ် ၂၉ မြို့နယ်အနက် ၂၄ မြို့နယ်တွင် အများဆုံး စိုက်ပျိုးပြီး အောက်တိုဘာလလယ်မှ နိုဝင်ဘာလလယ်အထိ စိုက်ပျိုးကာ သက်တမ်းအနေဖြင့် ရက် ၈၀ မှ ၈၅ ရက်အထိရှိကြောင်း ၎င်းက ပြောသည်။

"၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှာဆိုရင် ကုလားပဲဧ ၂၂၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားခဲ့ပြီး ၂၁၇၀၀၀ လောက် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အလုပ်သမားခဈေးကြီးတာတွေ၊ ပိုးသတ်ဆေးဈေးတွေနဲ့ သွင်းအားစုတွေ ဈေးမြင့်တာတွေ၊ အလုပ်သမားရှားပါးတာတွေကြောင့် မနှစ်က စိုက်ဧကလျော့သွားရတာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ကုလားပဲသည် စားသုံးသူများပြားခြင်း၊ နိုင်ငံခြားပို့ကုန်လည်းဖြစ်သည့်အတွက် အဓိကထားစိုက်ပျိုးခြင်းဖြစ်ပြီး စိုက်ပျိုးတောင်သူများအား ဌာနမှဝန်ထမ်းများက စိုက်ပျိုးရေးနည်းစနစ်ပေးခြင်း၊ သဘာဝမြေဆွေးပုံပြုလုပ်နည်း စသည်တို့ကို အသိပညာပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

"ကုလားပဲအများဆုံးစိုက်ပျိုးတဲ့မြို့နယ်ကတော့ မနှစ်ကဆိုရင် မြစ်သားမြို့နယ်နဲ့ ကျောက်ဆည်မြို့နယ်တို့ ဖြစ်ပါတယ်။ အခုနှစ်မှာတော့ လက်ရှိအချိန်အထိ နွားထိုးကြီးမြို့နယ်က အများဆုံးဖြစ်ပြီး မြစ်သားမြို့နယ်ကတော့ ဒုတိယအနေနဲ့အများဆုံး စိုက်ပျိုးပြီးစီးပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်အနက် ကိုးခရိုင်တွင် ပဲမျိုးစုံ စိုက်ပျိုးကြောင်း၊ အဆိုပါ ခရိုင် ၁၁ ခရိုင်တွင် မြို့နယ် ၂၉ မြို့နယ်ရှိပြီး ငါးမြို့နယ်သည် မြို့မြေဧရိယာဖြစ်သည့်အတွက် ပဲစိုက်ပျိုးထားခြင်းမရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရမ်းဗြဲမြို့နယ် ထိပ်တန်းစက်ချုပ်လုပ်ငန်းသမဝါယမအသင်းက ကျောင်းစိမ်းဝတ်စုံနှင့် ခေါင်းအုံးဖုံးများ ထုတ်လုပ်ရောင်းချ

**ရမ်းဗြဲ ဒီဇင်ဘာ ၁၄**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ထိပ်တန်းစက်ချုပ်လုပ်ငန်းသမဝါယမအသင်းလီမိတက်က အသင်းသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ကျောင်းစိမ်းဝတ်စုံနှင့် ခေါင်းအုံးဖုံးများ ထုတ်လုပ်ရောင်းချလျက်ရှိသည်။ အသင်းသားများက ခေါင်းအုံးဖုံးများ ကိုယ်တိုင်ချုပ်လုပ်၍ ခေါင်းအုံးဖုံးတစ်ခုလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချပြီး တစ်လလျှင် ခေါင်းအုံးဖုံး အခုရေ ၆၀၀ ခန့် ထုတ်လုပ်နိုင်သည်။

ထို့အပြင် ကျောင်းစိမ်းဝတ်စုံများကိုလည်း စမ်းသပ်ချုပ်လုပ်လျက်ရှိရာ ကျောင်းသားဝတ်စုံ တစ်စုံလျှင် ငွေကျပ် ၁၅၀၀၀ နှင့် ကျောင်းသူဝတ်စုံ တစ်စုံလျှင် ငွေကျပ် ၂၅၀၀၀ ဖြင့် ရောင်းချပြီး တစ်လလျှင် ကျောင်းစိမ်းဝတ်စုံ ၃၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

ဝတ္ထုတို

# တို့ဆီမှာလည်းကျောပိုးတယ်

ခင်ဘုန်းကျော်

ကြည်လွင်အိမ်ပြန်နောက်ကျသည်။ ခါတိုင်းထက်ပိုကာ နောက်ကျနေခြင်းဖြစ်သည်။

တစ်နာရီထိုးရန်ဆယ်မိနစ်သာလိုတော့သည်။ ခြံအဝင် တံတားလေးကို ခြေနင်းလို့ရရုံ သစ်သားပြားရှည်ရှည်လေးနှစ်ခုစပ်၍ ခင်းထားသောကြောင့် ယိုင်နဲ့ယိမ်းထိုးလာသော ခန္ဓာကိုယ်ကို မထိန်းနိုင်ဘဲ ခြေချော်၍ ရေမြောင်းထဲသို့ကျသွားတော့သည်။

ဇနီးဖြစ်သူ မစမ်းကြည်ကအိမ်ပေါ်မှ ဆင်းလာပြီးဆွဲယူတွဲထူ၍ အိမ်ပေါ်သို့ခေါ်ခဲ့ရာ ပုဏ္ဏားကွယ်နှင့်မှီ၍ထိုင်ခိုင်းထားပါသော်လည်း ခေါင်းမထူနိုင်ဖြစ်နေသည်။ မစမ်းကြည်က လက်ဆွဲပုံးဖြင့် ရေတစ်ပုံးဆွဲလာပြီး ရွှံ့များကိုဆေးပေးသည်။ တစ်ကိုယ်လုံး ရေပတ်တိုက်ပေးပြီး အဝတ်လဲပေးလိုက်သည်။ တစ်ဆက်တည်းမှာပင် ထမင်းစားမလားဟုမေးရာ ခေါင်းညိတ်သောကြောင့် ထမင်းထည့်ကျွေးရတော့သည်။ ထမင်းဖွန်းကိုင်တော့လွတ်ကျသည်။ ခွံ့ပေးရပြန်သည်။

ရေနွေးယူမလားမေးကြည့်တော့ "အေးတဲ့"

ရင်ထဲမှာဘယ်လောက်များပူလောင်နေသည်မသိ။ မစမ်းကြည်က ထမင်းခွံ့ရင်းမှ "နောက်ကိုအဲဒီလောက်ကြီး မသောက်နဲ့ဟာ၊ ကျန်းမာရေးထိရင် ကလေးသုံးယောက် ဒုက္ခရောက်မယ်တော့၊ သွေးကဆိုးသေးတာ"

မစမ်းကြည်ကသာပြောနေတာ ကြည်လွင်ကြားရဲ့လားမသိ၊ ကြည်လွင်သည်မစမ်းကြည်နှင့် မရခင်ကတည်းက သမဝါယမရုံးတွင် အကြီးတန်းစာရေးအဖြစ် အလုပ်လုပ်နေသူဖြစ်သည်။

သမဝါယမပျက်တော့ အလုပ်လက်မဲ့ဖြစ်သွားသည်။ ဟိုရုံးဒီရုံး ဆက်သွယ်ပါသော်လည်းအဆင်မပြေခဲ့ပေ။

နဂိုကမှင်တံကိုင်၍ ကုလားထိုင်ထိုင်ခဲ့သော ကြည်လွင်သည် အလုပ်ကြမ်းနှင့်ဘယ်လိုမှအက်စပ်၍မရ၊ လူပုံကလည်းသေးသေးနွဲ့နွဲ့နှင့် စကားနည်းပြီးအေးဆေးစွာနေတတ်သူမို့ အရောင်းအဝယ်ဘက်မှာလည်း မစွံတော့ ဟိုလိုလိုဒီလိုလိုနှင့် လောင်းကစားဝိုင်းသို့ရောက်ခဲ့တော့သည်။ ယမကာကိုလည်း နည်းနည်းနည်းနည်းမှစ၍ စွဲစွဲမြဲမြဲသောက်တတ်လာသည်။ မစမ်းကြည်ကတော့ ချစ်လင်ကို အပြစ်မပြောရက် သနားကရုဏာပင် သက်နေသေးသည်။ ကြည်လွင်ပြောဆိုသမျှ ဂျီကျသမျှ သည်းခံတတ်လာသည်။

ယခုလည်း သူများတိုက်သည့်အရက်ကို အဝသောက်၍ အိမ်ပြန်လာခြင်းဖြစ်သည်။

ဖဲရှုံးခဲ့သည်မှာ သေချာသည်။ မစမ်းကြည်ရင်ထဲမှာတော့ မကောင်း၊ ငါစိတ်တွေညစ်နေပြီဟု ပြောမိသည်။ နင်ညစ်တာက တော်တော်ရယ်၊ ငါညစ်တာကမှ ကမ္ဘာကြီးလောက် မိုးလောက်ကြီးလောက်ဟုပြောတော့ စမ်းကြည်က ရယ်သည်။

"ငါဈေးရောင်းမယ်ဆိုတော့လည်း မရောင်းရဘူး၊ ဖဲဝိုင်းကရတဲ့ ပိုက်ဆံနဲ့ထမင်းမဝဘူးဟဲ့"

မစမ်းကြည်စကားကို ကြည်လွင်နားမခံနိုင်ဖြစ်သွားသည်။ နားရင်းကို ခပ်ပြင်းပြင်းရိုက်ချလိုက်သည်။ လက်ပါလာသည်ကိုတော့ မစမ်းကြည် သည်းမခံတော့၊ ကလေးတွေကိုခေါ်၍ အဒေါ့်အိမ်သို့ဆင်းလာခဲ့သည်။ ဒေါ်ထားခင်ကကြည်ဖြူစွာပင် လက်ခံထားပြီး အခြေအနေစောင့်ကြည့်နေသည်။

ကြည်လွင်က လိုက်မခေါ်ပေ။

စုံစမ်းကြည့်တော့ အရက်တွေသောက်လူးလိမ့်ပြီး မစမ်းကြည်ကို ခေါ်လိုက်၊ ကလေးတွေကိုခေါ်လိုက်၊ အရက်တွေ သောက်လိုက်ဖြင့် လူးလိမ့်နေသည်ဟု ကြားရသည်။ ဒေါ်ထားခင်က လူကြုံနှင့်မှာတော့ ကြည်လွင်ရောက်လာသည်။ အရက်ကတော့ မူးလျက်ပင်၊ ဒေါ်ထားခင်ကပင်စတင်၍

"ကဲမင်းတို့ကိစ္စ ဘယ်လိုလုပ်မှာလဲ"

"ကျွန်တော်ပြန်ခေါ်သွားမယ်"

"ခေါ်တာတော့ ခေါ်ပေါ့၊ ဒီလိုရိုက်နှက်နေလိုကတော့ မဖြစ်ဘူးလေ။ ငယ်ငယ်ကတည်းက မိဘမဲ့မို့ခေါ်ပြီး စောင့်ရှောက်ထားတာ၊ လက်နဲ့တောင် မရွယ်ခဲ့ဘူး၊ မင်းလုပ်မကျွေးနိုင်ရင် ထားခဲ့၊ ငါကျွေးထားနိုင်တယ်"

ကြည်လွင်သည် ဒေါ်ထားခင်ကို ဖြတ်ခနဲမျက်လုံးလှန်ကြည့်လိုက်သည်။ နှစ်ဦးစလုံး ဘာမပြောညာမပြောနှင့် ဒေါ်ထားခင်ကို ပြိုင်တူကန်တော့လိုက်ကြသည်။ ဒေါ်ထားခင်သာ မျက်ရည်လည်ရသည်။ အိမ်ရောက်တော့ ကြည်လွင်က ခရီးရောက်မဆိုက်ပင်

"ဘာဖြစ်လို့ ရိုက်တယ်ပြောရတာလဲ"

"နာသွားတာကိုးဟ"

"နင်ငါ့ကို ပြတ်နိုင်လို့လား"

"မပြတ်နိုင်လို့ ပြန်လိုက်လာတာပေါ့"

စယူကတည်းကိုက ကွဲဖို့ပြတ်ဖို့တစ်ခါမှ စိတ်ကူးမရှိဘူး။ ချစ်လို့ယူထားတာ ကွဲဖို့မပါဘူး။

နောက်ဆိုမှတ်ထား ဒို့ပြဿနာဒို့ဟာဒို့ပဲရှင်းမယ်၊ လင်မယားကြား၊ မိသားစုကြား၊ မောင်နှမကြား၊ ဆွေမျိုးဖြစ်ဖြစ်၊ သူစိမ်းဖြစ်ဖြစ် ဝင်ပါလာရင် ကွဲဖို့ဖြစ်လာတယ်မှတ်"

စမ်းကြည်ဘာမျှပြန်မပြော အိမ်အလုပ်များသာ မဲလုပ်နေသည်။

"ဆေးခန်းသွားမှဖြစ်မယ်"

ကိုကြည်လွင် လမ်းလျှောက်နိုင်လို့လား၊ လက်ထောက်ပြီးတောင် မထနိုင်ဘူး၊ ခြေတွေချည့်သလိုဖြစ်နေတယ်"

မစမ်းကြည်ခဏတော့ တွေဝေသွားသည်။ နေရသည့်နေရာက ကျူးကျော်ရပ်ကွက်၊ အိမ်ချင်းက ပူးကပ်ကျပ်နေသည်။

လူသွားလမ်းများဆိုလျှင် ပူးလိုက်ကပ်လိုက်နှင့် အဆင်ပြေသလို သွားလာဝင်ထွက်နေကြခြင်းဖြစ်သည်။

စက်ဘီးတွန်းဝင်လျှင် ခက်လှသည်။

"အစမ်း ကျောပိုးမယ်"

"ဟာ"

ကြည်လွင်က ဟာဟုသာပြောနိုင်သည်။ အသိမိတ်ဆွေများကို ခေါ်ရအောင်လည်း အပြင်သွားကြ၊ အလုပ်သွားကြနှင့် အလွယ်တကူ မရှိကြတော့။

"ပိုက်ဆံရောရှိရဲ့လား"

"အေး"

"ကဲ- အစမ်းကိုတွဲပြီး ဖြည်းဖြည်းရွေ့ လှေကားထိပ်ရောက်တော့မှ ကြောပိုးမယ်"

နောက်ဆုံးတော့ မစမ်းကြည်အစီအစဉ်ကို လက်ခံလိုက်ရသည်။

မြင်လိုက်သူအားလုံးက

"ဟင်- လင်မယားဘယ်လိုဖြစ်လာတာလဲ"

ကြည်လွင်က သူ့တင်ပါးကို လက်ညှိုးနှင့်ထိ၍ ဆေးထိုးရန်ဟုပြသည်။ ဆေးခန်းနားသို့အရောက်တွင် အကြော်သည်ဒေါ်ပုတင်ကဟယ်ကိုရီးယားမှာ ချစ်သူရည်းစားတွေသာ ကျောပိုးတယ်မှတ်တာ၊ ဒို့ဆီက ကလေးလင်မယားတွေလည်း ကျောပိုးတယ်ဟုပြောပြီး တဟားဟားအော်ရယ်နေတော့သည်။ ။

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**စကောကရင်စကားထာ**

ရှေးလွန်လေပြီးသောအခါက ရာမညတိုင်းဒေသအတွင်းရှိ ကျေးလက်ရွာလေးတစ်ရွာတွင် ဇညားနှင့် လဂွန်းအိမ်ဟူသည့် သူငယ်ချင်းနှစ်ယောက်ရှိသည်။ သူတို့သည် ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ် ကျောင်းစားဖြင့် ပညာသင်ယူလျက်ရှိသည်။

ရွာဦးကျောင်းဆရာတော်ကြီးသည် မွန်တိုင်းရင်းသားဆရာတော်ကြီးဖြစ်ပြီး စာပေကျမ်းဂန်များကို ကျွမ်းကျင်နှံ့စပ်သည့် ဆရာတော်ကြီးအဖြစ် ထင်ရှားသည်။

ဇညားနှင့် လဂွန်းအိမ်တို့သည် အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်း၏တောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားလေ့ရှိသည်။

"ဇညားရေ မေးခွန်းမေးဖို့အချိန်တန်ပြီ သူငယ်ချင်းရေ"

"အချိန်တန်ရင်လည်း မေးလေကွာ"

လဂွန်းအိမ်၏စကားကို ဇညားက ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"ကဲ- မေးပြီ ဇညားရေ။ 'အမိမရဲ့ သားကရဲ' ဆိုတာ ဘာတဲ့လဲ"

ဇညားတစ်ယောက် လဂွန်းအိမ်၏ ဉာဏ်စမ်းအမေးကို တီးတိုးရွတ်ဆိုကြည့်သည်။ နှစ်ကြိမ်၊ သုံးကြိမ် ရွတ်ဆိုကြည့်နေသော်လည်း အဖြေကား ချက်ချင်းမထွက်နိုင် ဖြစ်နေရသည်။

"ခဏလေးပါ သူငယ်ချင်း၊ စဉ်းစားမရသေးလို့"

"စဉ်းစားပါ ဇညားရာ။ စဉ်းစားပါ၊ အချိန်တော့ သိပ်မဆွဲနဲ့ပေါ့။ အဖြေမရရင်လည်း အားမနာနဲ့ ပန်းပေးလိုက်၊ အဖြေမှန်ကတော့ ရှိပြီးသား"

လဂွန်းအိမ်က ဇညားကိုမထိတထိ လှမ်းပြောလိုက်ပြီး မြက်ခင်းစိမ်းစိမ်းပေါ်သို့ ပစ်လှဲလိုက်သည်။

"ဝူး...တော်သေးတာပေါ့ လဂွန်းအိမ်ရာ။ ခုမှ အဖြေရတယ်။ ဖြေလိုက်တော့မယ်နော်။ မေးခွန်းက 'အမိမရဲ့ သားကရဲ' ဆိုတာရဲ့အဖြေက 'မြက်သက်ကယ်ပေါက်'ကို ပြောတာပါ။ စကောကရင်တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းတွေထဲကပါပဲ"

"မှန်ပါ့ဗျာ မှန်ပါ့။ သူငယ်ချင်းက တော်လိုက်တာကွာ"

"မမြှောက်ပါနဲ့သူငယ်ချင်းရာ ဟင်းဟင်း။ အခုက ငါမေးရမယ့် အလှည့်ပေါ့နော်"

"ဟုတ်တယ်လေ၊ မေးပါသူငယ်ချင်း မေးပါ"

ဇညားက မေးမည့်စကားထာဉာဏ်စမ်းကို တီးတိုးရေရွတ်ရင်း မန်ကျည်းပင်ကြီးကို ကျောမှီရပ်နေရာမှ ထိုင်ချလိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်း မေးခွန်းကိုပြောသည်။

"မေးချင်တာကတော့ 'သစ်ပင်တက် ပလိုင်းလွယ်၊ သစ်ပင်တက် ဖိနပ်စီး'ဆိုတာ ဘာလဲကွာ၊ ဖြေပေတော့ လဂွန်းအိမ်ရေ "

"ဟာ မေးခွန်းက အဆန်းပဲကွ၊ လွယ်မယ် ထင်ထားတာ ခက်နေပါရောလား"

"မခက်ပါဘူး သူငယ်ချင်းရာ၊ အဖြေက လွယ်ပါတယ်။ စဉ်းစားမရရင်တော့ ပန်းပေးလိုက်ပေါ့" လဂွန်းအိမ်ကို ဇညားက ခနဲ့သည့်လေသံဖြင့် ပြန်ပြောလိုက်သည်။

"ကြိုးစားဖြေမှာပေါ့ ဇညားရာ။ မေးခွန်းက ဘာတဲ့ 'သစ်ပင်တက် ပလိုင်းလွယ်၊ သစ်ပင်တက် ဖိနပ်စီး' လို့ မေးထားတာဆိုတော့ အဖြေက 'ခရု ' ဆိုရင်မှန်မလား။ စကောကရင်တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းထဲကပါပဲဆိုတာတော့ သေချာတယ်"

လဂွန်းအိမ်၏ အဖြေစကားကြောင့် ဇညားက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောလာသည်။

"မှန်ပါတယ် သူငယ်ချင်း၊ မှန်ပါတယ်။ ဒီတစ်ခါ ငါမေးရမယ့်အလှည့်ပြန်ရောက်လာလို့ မေးလိုက်ဦးမယ်။ 'ခွေးမည်းတစ်ကောင် ဆန်ကောထဲအိပ်' အဲဒါ ဘာကိုပြောတာလဲ ဖြေပါ"

"ဇညားရာ မင်းမေးခွန်းကရှင်းနေပြီးသားပဲဟာကို၊ 'ခွေးမည်းတစ်ကောင် ဆန်ကောထဲအိပ်' ဆိုမှတော့ ခွေးဖြူမဟုတ်တာ သေချာနေတာပေါ့။ ဒါပေမဲ့ တကယ့်ခွေးအစစ်တော့ မဟုတ်တန်ကောင်းပါဘူးလို့ စဉ်းစားစရာဖြစ်နေတာ။ အဖြေမှန်ကိုတော့ စဉ်းစားတုန်း၊ အဖြေရှာတုန်းပေါ့ကွာ"

လဂွန်းအိမ်က ဇညားကိုနောက်ပြောင်..ကျီဆယ်လိုက်သည်။ ခဏအကြာမှာတော့ ဖြည်းဖြည်းချင်းပင် အဖြေမှန်ကို ဖြေပေးလိုက်သည်။

"တစ်ခါတည်း ဖြေမယ်ကွာ၊ 'ခွေးမည်းတစ်ကောင် ဆန်ကောထဲအိပ်'ဆိုတာရဲ့ အဖြေက 'ခေါ်ပြင်'ပေါ့ကွာ။ ဒေသရဲ့ရိုးရာစားစရာတစ်မျိုးအမည်လို့ပြောရမှာပေါ့။ ဒီပဟေဠိမေးခွန်းဟာ စကောကရင်တိုင်းရင်းသားရိုးရာ စကားထာထဲကပဲဖြစ်ပါတယ်တဲ့ဗျား"

ဇညားတစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားတော့သည်။ လဂွန်းအိမ်၏အဖြေစကားမှာ တိကျသေချာမှုရှိပြီး မသိသေးသူများအတွက် မှတ်သားစရာ၊ ဗဟုသုတရရှိစရာဖြစ်ခြင်းကြောင့် လဂွန်းအိမ်၏ အဖြေစကားကို ဇညားတစ်ယောက် လွန်စွာသဘောကျသွားတော့သည်။

"သူငယ်ချင်းစဉ်းစားတာ၊ တွေးတာ သိပ်မှန်တာပဲ။ ဖြေဆိုတာကလည်း ကျေနပ်ဖို့ကောင်းတယ်။ မျက်လုံးထဲမှာ ရှင်းရှင်းလင်းလင်း မြင်သွားတယ်။ ဒီလိုမျိုးဖြေပေးတာ ကျေးဇူးတင်ပါတယ်သူငယ်ချင်း"

ဇညားက သူငယ်ချင်းဖြစ်သူ လဂွန်းအိမ်ကို ချီးမွမ်းခန်းဖွင့်နေသည့်အချိန်တွင် နာရီမောင်းလေးချက်တီးသည့်အသံက ဘုန်းကြီးကျောင်းမှထွက်ပေါ်လာရာ ညနေပိုင်း ရေချိုးရန် အချက်ပေးသည့်အသံဖြစ်နေသဖြင့် ဇညားနှင့် လဂွန်းအိမ်တို့နှစ်ဦး ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတစ်ပိုင်းတက်သွားကြလေတော့သည်။ ။

# ရှေးခေတ်ရှမ်းတိုင်းရင်းသားပုံပြင်များ

**ပါမောက္ခဒေါက်တာခင်ရီဝင်း**

### မြစိမ်းရောင်ခရုလုလင်

တစ်ခါက တိုင်းပြည်တစ်ပြည်ရှိ ရှင်ဘုရင်ကြီးတစ်ပါးတွင် မိဖုရား ခုနစ်ပါးရှိလေသည်။ ယင်းတို့မှ မိဖုရားအကြီးခြောက်ပါးက သားတော် တစ်ပါးစီဖွားမြင်ကြသည်။ သို့သော် အငယ်ဆုံးသော မိဖုရားဖြစ်သူ နန်းစန္ဒီဝမင်းသမီးကဖွားမြင်သည်မှာ သားတော်လူစင်စစ်မဟုတ်ဘဲ မြစိမ်းရောင်ရှိသော ခရုငယ်တစ်ကောင်အဖြစ် ထူးခြားနေတော့သည်။

မင်းကြီးသည် ရှက်လှသဖြင့် မိဖုရားနန်းစန္ဒီဝအား နန်းတော်မှ နှင်ထုတ်လိုက်လေသည်။ မိဖုရားသည် သားတော်ခရုငယ်ကိုပိုက်လျက် တောတွင်း၌ လှည့်လည်သွားလာနေသည်။

“မိန်းမငယ်လေး အဘယ်အကြောင်းကြောင့် တောတွင်းမှာ တစ်ကိုယ်တည်းလျှောက်သွားနေရပါသလဲ”

အဘိုးအို ဇနီးမောင်နှံက တောထဲတွင်သွားလာနေသော မိဖုရား နန်းစန္ဒီဝအား မေးမြန်းရာ ဖိဖုရားက အကြောင်းစုံရှင်းပြလိုက်သဖြင့် အဘိုးအိုဇနီးမောင်နှံက ကရုဏာသက်ကာ သူတို့နေအိမ်သို့ခေါ်ဆောင် သွားသည်။ မိဖုရားသည် အဘိုးအိုဇနီးမောင်နှံနှင့်အတူ လယ်ယာ လုပ်ငန်းခွင်တွင် လိုက်ပါလုပ်ကိုင်သည်။ လယ်တောသို့သွားသည့်အချိန် တွင် သားတော်ခရုငယ်ကို အိမ်အတွင်းထားရှိခဲ့လေ့ရှိသည်။

ဤသို့ဖြင့် အချိန်ကာလ တစ်ဆယ့်ငါးနှစ်ခန့် ကြာညောင်းသွားခဲ့ ရလေသည်။ မိဖုရား၏သားတော် ခရုငယ်သည်လည်း အသက်အရွယ် ကြီးလာရကာ အုန်းသီးလုံးခန့်အရွယ်ရှိလာလေသည်။

တစ်နေ့တွင် နေအိမ်၌ မည်သူမျှမရှိချိန်တွင် ထိုခရုအတွင်းမှ အလွန်ချောမောလှပသော တစ်ဆယ့်ငါးနှစ်သားအရွယ် လုလင်ပျို တစ်ဦး ထွက်လာသည်။ လုလင်ပျိုသည် အရသာရှိလှသော ထမင်းဟင်း များကို ချက်ပြုတ်၍ စားပွဲပေါ်တွင် အသင့်ပြင်ဆင်ထားပေးပြီး ခရုခွံအတွင်းသို့ ပြန်ဝင်သွားလေသည်။

နေဝင်ချိန်တွင် အဘိုးအိုဇနီးမောင်နှံနှင့် မိဖုရားတို့ သုံးဦးသည် လယ်တောမှ ဆာလောင်မွတ်သိပ်စွာဖြင့် ပြန်လာကြသည်။ စားပွဲပေါ် တွင် အဆင်သင့်တွေ့ရသော ထမင်းဟင်းများကို အားရဝမ်းသာစားကြ တော့သည်။ အစားအစာများမှာ လွန်စွာအရသာရှိပြီး ထူးခြားသော အစွမ်းသတ္တိများကို ပြသလေသည်။ အစားအစာများကို စားပြီးကြသည် နှင့် အဘိုးအိုတို့သုံးဦးသည် ဆံပင်များဖြူဖွေးနေရာမှ ပြန်လည်နက်မှောင် သွားသည်။ မွဲခြောက်နေသော မျက်လုံးများလည်း ပြန်လည်ကြည်လင် တောက်ပလာသည်။ ပါးရေတွန့်နေသည်များလည်း ပျောက်ကွယ် သွားရသည်။

ထို့အပြင် ကုန်းနေသောခါးများကလည်း ပြန်လည်တည့်မက် လာသည်။ သူတို့သည် လူငယ်များပမာ နုပျိုလာကြသည်။ မိဖုရား



သည်လည်း ပြန်လည်လှပလာသည်။ ယင်းနေ့မှ တစ်ပတ်တာလုံးပင် ထိုထူးခြားသော အစားအစာများကို စားနေကြသည်။

အဆင်သင့်ရောက်ရှိနေသည့် အစားအစာများနှင့်ပတ်သက်၍ အကြောင်းရင်းမှန်ကို သိလိုသဖြင့် စူးစမ်းရန်အကြံထုတ်လေသည်။

“တစ်ခုခုတော့ ရှိရမယ်”

ဟုတွေးကာ လယ်တောထဲသွားမည့်ဟန်ဖြင့် အိမ်မှထွက်သွားပြီး တစ်နေရာတွင် ပုန်းကွယ်၍ ချောင်းမြောင်းစောင့်ကြည့်နေကြတော့ သည်။ များမကြာမီအချိန်အတွင်း ခရုကြီးအတွင်းမှ လုလင်ပျိုက ထွက်လာပြီး အစားအစာများကို ချက်ပြုတ်နေစဉ် အဘိုးအို ဇနီးမောင်နှံ နှင့် မိဖုရားတို့သည် အိမ်အတွင်းသို့ ရုတ်တရက်ပြေးဝင်သွားကာ လုလင်ပျိုကိုဝန်းရံပြီး ကာထားလိုက်ကြတော့သည်။

“အသင် မည်သူဖြစ်သနည်း”

အဘိုးအိုကမေးနေစဉ် မိဖုရားက ခရုခွံကြီးကို ရိုက်ခွဲပစ်လိုက် သည်။ ထိုအခါ လုလင်ပျိုသည်လည်း ခရုခွံအတွင်းသို့ ပြန်လည်မဝင် နိုင်တော့ဘဲ အဘိုးအိုတို့သုံးဦးနှင့်ပင် အတူတကွနေထိုင်သွားလေ တော့သည်။

ထိုအချိန်မှစ၍ မြစိမ်းရောင်ခရုလုလင်ဟု အမည်ပေးလိုက် ကြသည်။

လုလင်ပျိုသည် အလွန်သန်မာပြီး လယ်ယာအလုပ်များကို ကောင်းစွာလုပ်နိုင်သည်ဖြစ်၍ အဘိုးအိုတို့သုံးဦးက လယ်ယာ လုပ်ငန်းခွင်ကို လုပ်စရာမလိုတော့ဘဲ လုလင်ပျိုကသာ တစ်ကိုယ်တည်း စွမ်းဆောင်ပေးလေသည်။

တစ်နေ့တွင် အဘိုးအိုသည် သူတို့ဘိုးဘွားများလက်ထက်က ရှိခဲ့သော ဓားရှည်ကြီးတစ်ချောင်းကို လုလင်ပျိုအား ပေးလိုက်သည်။ ထိုဓားကြီးသည် လုလင်ပျို၏လက်ထဲသို့ ရောက်သွားသည်နှင့် ဘုရင်များကိုင်ဆောင်သည့် သံလျက်အဖြစ်သို့ ချက်ချင်းပြောင်းလဲ သွားတော့သည်။

လုလင်ပျိုသည် အလွန်သန်စွမ်းသူဖြစ်သဖြင့် အလုပ်ဟူသမျှကို လျင်မြန်စွာပြီးစီးအောင် လုပ်နိုင်လေသည်။ တစ်နေ့တွင် တောထဲ၌ ခြင်္သေ့ကြီးတစ်ကောင်နှင့်တွေ့ကာ အားပြိုင်ကြရာ လုလင်ပျိုက အနိုင်ရလိုက်သည်။ ခြင်္သေ့ကြီးသည် လုလင်ပျိုကို မိတ်ဆွေဖွဲ့ကာ လုလင်ပျိုသွားလိုရာသို့ အမြဲလိုက်ပါစောင့်ရှောက်ပေးသည်။

ခရုလုလင်၏ ဖခမည်းတော်ဘုရင်ကြီးတွင် ချောမောလှပသော နှမငယ်တစ်ပါးရှိသည်။ ထိုနှမငယ်ကို ဘီလူးခိုးယူသွားကာ ဇနီး အဖြစ် ပေါင်းသင်းနေထိုင်ရာ လှပသော သမီးပျိုကလေးတစ်ဦး ထွန်းကားသည်။

ခရုလုလင်သည် တောအတွင်း လှည့်လည်သွားလာစဉ် တောတွင်းရှိ နန်းတော်ကြီးထဲ၌နေထိုင်သော မိမိ၏ အဒေါ်ဖြစ်သူနှင့် နှမငယ်တို့ကို တွေ့လေသည်။ အဒေါ်သားအမိသည် ဘီလူးလက်မှ လွတ်မြောက်လိုကြောင်း လုလင်ပျိုအား အကူအညီတောင်းခံလာသည်။

ခြင်္သေ့ကြီး၏အကူအညီဖြင့် ဘီလူးများအားလုံးကို နှိမ်နင်း သုတ်သင်တော့သည်။ ထို့နောက် ဘုရင်ကြီး၏နှမတော်နှင့် တူမတော် တို့ကို ကယ်ဆယ်ကာ လုလင်ပျိုက နန်းတော်သို့ ပြန်လည်ပို့ဆောင် ပေးလိုက်သည်။

ဘုရင်ကြီးသည် သူ၏နှမတော်နှင့် တူမတော်တို့ကို ကယ်ဆယ် ပေးသော ခရုလုလင်အား လွန်စွာကျေးဇူးတင်လေသည်။ ခရုလုလင် ကိုလည်း သားအဖြစ် ဘုရင်ကြီးက ပြန်လည်အသိအမှတ်ပြုပေးတော် မူသည်။ သားတော်ကိုလည်း တူမတော်နှင့် ထိမ်းမြားလက်ဆက်ပေး လိုက်သည်။ ဘုရင်ကြီးက မိဖုရားကိုလည်း ပြန်လည်ခေါ်ယူကာ မိသားစု အတူတကွပျော်ရွှင်စွာနေထိုင်ကြလေတော့သည်။ ထို့အတူ ခြင်္သေ့ကြီးနှင့် အဘိုးအိုဇနီးမောင်နှံတို့ကိုလည်း ခေါ်ယူကာ အတူတကွ အေးချမ်းပျော်ရွှင်စွာနေထိုင်သွားကြလေတော့သည်။ ။

**Ref; The youth of Emerald Molluse.**

# ကျန်းမာရေးကိုအလေးထား ချီချင်းဓလေ့ နှုတ်ဆက်စကား

**အမ်းမ်လောင်ရှီ**

ချီချင်းတို့သည် နှုတ်ဆက်ပြောဆိုရာ၌ အလွန်ခိုင်မာသော ဓလေ့ ထုံးစံကို ကျင့်သုံးလိုက်နာခဲ့ကြသည်။ ယခုတိုင်လည်း ကျင့်သုံးကြဆဲ ဖြစ်သည်။

အခြားသော လူမျိုးများ၏ဓလေ့ထုံးစံနှင့်မတူ တစ်မူထူးခြားသော ခံယူချက်ဖြင့် နှုတ်ဆက်ကြခြင်းဖြစ်သည်။

ချင်းစကားများကို အနီးစပ်ဆုံးသော အသံထွက်ဖြင့် ဖော်ပြပါ မည်။ စတင်တွေ့ဆုံနှုတ်ဆက်သောအခါ “နဂါး ကီး မွှေ့” ဟု ပြောဆို နှုတ်ဆက်၏။ “ကျန်းမာပါတယ်နော်”ဟု အဓိပ္ပာယ်ရသည်။

ထိုသို့ နှုတ်ဆက်ခြင်းခံရသူက “အိုး ။ က ဂါးကီးနေ။ နောင်းပီး နဂါးကီးမွှေ့”ဟု ပြန်လည်နှုတ်ဆက်လေ့ရှိ၏။

အဓိပ္ပာယ်မှာ “ဟုတ်ကဲ့ ကျွန်ုပ်ကျန်းမာပါသည်။ သင်လည်း ကျန်းမာပါတယ်နော်”ဟူ၍ ဖြစ်သည်။

ခွဲခွာရခါနီးတွင် နှုတ်ဆက်ကြရာ၌ ကျန်ရစ်ခဲ့သူက ထွက်ခွာ သွားသူအား “ဂါး လို့ သေ့ပိုမွှေ့”၊ “ကျန်းကျန်းမာမာနဲ့သွားပါနော်”ဟု နှုတ်ဆက်လေ့ရှိ၏။

ထွက်ခွာသွားသူက ကျန်ရစ်ခဲ့သူအား “ဂါးလို့ အောင်းပိုမွှေ့”၊ “ကျန်းကျန်းမာမာနဲ့ နေရစ်ခဲ့ပါနော်”ဟူ၍ နှုတ်ဆက်လေ့ရှိသည်။

တစ်ဦးချင်းနှုတ်ဆက်သောသာဓကများ ဖြစ်ပါသည်။ လူအများ အား နှုတ်ဆက်သောအခါ အများကိန်းကို ရည်ညွှန်းသုံးနှုန်းကြပါသည်။

ထို နှုတ်ဆက်ပုံဓလေ့မှာ ကျန်းမာရေးကို အထူးမဏ္ဍိုင်ပြု၍ တန်ဖိုး ထားအလေးထားကြောင်း ပေါ်လွင်လှပါသည်။

ကျန်းမာခြင်းသည် လာဘ်တစ်ပါး “အာရောဂျံ ပရမံ လာဘံ” ဟူသော မြတ်ဗုဒ္ဓ၏အဆုံးအမနှင့် ကွက်တိကိုက်ညီနေသော နှုတ်ဆက်ပုံ ဓလေ့ဖြစ်ပါသည်။

ချီချင်းတို့သည် ပျူများဖြစ်ခဲ့ပြီး ဗုဒ္ဓအဆုံးအမနှင့် အကျွမ်းဝင် ခဲ့သောကြောင့် ထို နှုတ်ဆက်ပုံဓလေ့ကို ကျင့်သုံးခဲ့ကြလေသလားဟု လည်း စဉ်းစားဖွယ်ရှိပေသည်။

ကျန်းမာမှ ချမ်းသာအောင်ကြိုးစားနိုင်မည်၊ ကျန်းမာမှချမ်းသာ သမျှကို သုံးဆောင်ခံစားနိုင်မည်ဟူသော ဆိုရိုးသည်လည်း ချီချင်းဓလေ့ နှုတ်ဆက်ပုံနှင့် ကိုက်ညီနေပါသည်။

မဟာမြိုင်ဆရာတော်ဦးဇောတိကသည် မင်းတပ်မြို့သို့ ကြွရောက် ခဲ့ရာ ချီချင်းတို့၏ နှုတ်ဆက်ပုံကို သိရှိသွားသည့်အခါ “ကျန်းမာရေးကို အလွန်အလေးထားတဲ့လူမျိုးပဲ”ဟု မှတ်ချက်ချခဲ့ကြောင်း မှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။ ။



ချီချင်းတိုင်းရင်းသားများ နေအိမ်ကွပ်ပျစ်တစ်ခုပေါ်တွင် အနားယူစကားပြောနေကြစဉ်။

**✻ ၂၀၂၃ မြန်မာအမျိုးသမီးလိဂ်မှ**

နှစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၆-၂၀၁၇ ရာသီ၊ ၂၀၁၇-၂၀၁၈ ရာသီ၊ ၂၀၁၈-၂၀၁၉ ရာသီကျင်းပပြီးနောက် နှစ်အနည်းငယ်ကြာကျင်းပနိုင်ခြင်း မရှိဘဲ ၂၀၂၂ နှစ်ဝက်နောက်ပိုင်းမှ ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်သည်။ ၂၀၁၆-၂၀၁၇ ရာသီနှင့် ၂၀၁၇-၂၀၁၈ ရာသီတွင် မြဝတီအသင်း ဗိုလ်စွဲပြီး ၂၀၁၈-၂၀၁၉ ရာသီနှင့် ၂၀၂၂ ရာသီတွင် အား/ကာသိပ္ပံအသင်း ဗိုလ်စွဲခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၊ သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများအပေါ်မူတည်၍ ကျင်းပသွားဖွယ်ရှိနေသည်။

**ကိုညီလေး**


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်

**နိုင်ငံတော်ကျေးရွာ ဂျာနယ်**

**ထွက်ရှိ**



၁၅-၁၂-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၂၄)တွင်

- မြန်မာ့ဓလေ့ကိုဖော်ကျူးသည့် ပျော်ရွှင်စရာကောင်းသော ကစားနည်းများ
- နေကြာသီးနှံပိုးမွှားရောဂါအန္တရာယ် အချိန်မီနှိမ်နင်းကာကွယ်
- ကြံအထွက်နှုန်းတိုးစေရန် ကြံတစ်ဆစ်ပျိုးပင်စနစ်ဖြင့် စိုက်ပျိုးခြင်းနည်းပညာ
- ပဲနီကြီးစီးပွားဖြစ် စိုက်ပျိုးရေးအကြောင်း သိကောင်းစရာ
- တရုတ်နိုင်ငံတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု
- ငါး ပုစွန်သယံဇာတ မပြုန်းတီးစေရေး
- ကိုယ်ဝန်ရှိသောနွားမများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း
- နွားနို့သောက်ခြင်းအကျိုးအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

**တစ်စောင် (၂၅၀) ကျပ်**

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


# ဝါသီးနှံအထွက်နှုန်းတိုးတက်ရေး ပညာပေးကွင်းသရုပ်ပြပွဲကျင်းပ

**ရမည်းသင်း ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ ဝါသီးနှံအထွက်နှုန်းတိုးတက်ရေး ပညာပေးကွင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ရမည်းသင်းမြို့နယ် မြင်းနားကျေးရွာအုပ်စု ကွင်းအမှတ် ၁၁၄၀ (က) တောင်သူ ဦးညွန့်မောင်၏ ဝါစိုက်ခင်း၌ ပြုလုပ်ခဲ့သည်။ ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်လင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မျိုးသန့်တို့က ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ရမည်းသင်းခရိုင်အတွင်း၌ မိုးကြိုဝါ၊ မိုးဝါ၊ မိုးနှောင်း ချည်မျှင်ရှည်ဝါမျိုးစုံ ၇၄၆၆၂ ဧက လျာထားရာ ၈၀၈၅၆ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မိုးနှောင်းရာသီမှစ၍ တစ်ဧက ၁၀၀၀ ပိဿာ ထွက်ရှိရေးအတွက် RAKA.666 ဝါမျိုးဖြင့် ဧက ၂၀၀ စိုက်ပျိုး ထားရှိကြောင်း၊ တစ်ဧကဝါအထွက်နှုန်း တိုးတက်ရေးအတွက် ပညာပေး ဆွေးနွေးပြောကြားသည်။




ယင်းနောက် ဝါစိုက်ခင်းအတွင်း ကွင်းဆင်း၍ ဝါအထွက်တိုးဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ဝါစိုက်တောင်သူများအား လက်တွေ့ပြသရာ ဝါစိုက်တောင်သူများ၏ သိလိုသည်များ မေးမြန်းခြင်းကို ပြန်လည်ဖြေကြားဆွေးနွေးသည်။

ယနေ့ပြုလုပ်သော ပညာပေးကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ရမည်းသင်းခရိုင်နှင့် မြို့နယ် ဌာနအသီးသီးမှ ဝန်ထမ်းများ၊ ဝါစိုက်တောင်သူများ၊ အင်အား ၅၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀.၂၅၇)ဧက၊ မြေကွက်အမှတ် (ဥ-၅၂၁၈)၊ ဦးနိုင်ထွန်းဦး (ဘ)ဦးကျော်တင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ချောစုစုစိုး[၁၂/ဒဂမ(နိုင်)၀၁၃၈၅၄](ဘ) ဦးခင်မောင်စိုးမှ နေပြည်တော်၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၅၆၃၄/၂၀၂၂ (၂၉-၁၁-၂၀၂၂)တင်ပြ၍ ဒေါ်မေဖူးအောင် [၃/ဘအန(နိုင်)၁၂၅၆၈၈](ဘ)ဦးမြင့်အောင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ် ဇ-၂၃၃၀၊ မြေဧရိယာ ၀.၅၃၇ ဧကရှိ ဦးလင်းမောင်မောင် (ဘ) ဦးမောင်မောင်[၅/တမန(နိုင်)၀၃၅၅၁၀] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးလင်းမောင်မောင်ထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၄၆၉၀/၂၀၂၂)(၂၆-၉-၂၀၂၂) ရရှိထားသူ ဒေါ်သဇင် (ဘ)ဦးသောင်းညွန့် [၁၂/ရပသ(နိုင်)၀၄၈၅၁၂]မှ ဦးသောင်းညွန့် (ဘ)ဦးအောင်ကျော်[၁၂/သကတ(နိုင်)၀၇၄၂၁၃] နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၃၄၆)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးအောင်မိုးနိုင်၊ ဒေါ်လှလှ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးစန်းမောင်ဦး(ဘ)ဦးသိန်းလွင်[၁၂/ဥကတ(နိုင်)၁၃၆၃၅၅]မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၁၈/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်မဉ္ဇူဝင်း (ဘ) ဦးစန်းမြင့်ဦး [၁၂/ဥကတ(နိုင်)၁၅၇၅၁၆] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤ ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


**✪ ကျောဖုံးမှ**

ထားနိုင်ခဲ့တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို တတိယအကြိမ်မြောက်ဆွတ်ခူးနိုင်ဖို့ အခွင့်အလမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ ခရိုအေးရှားအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ယခုကမ္ဘာ့ဖလားပြိုင်ပွဲမှာ သွင်းဂိုးစုစုပေါင်း ၁၂ ဂိုးအထိ ရှိလာခဲ့ပြီး ခရိုအေးရှားအသင်းနဲ့ပွဲစဉ်မှာ အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး မက်ဆီဟာလည်း ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ သွင်းဂိုးငါးဂိုးအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

လက်ရှိမှာ တိုက်စစ်မှူးမက်ဆီဟာ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဂိုးဖန်တီးမှုသုံးကြိမ်နဲ့ သွင်းဂိုးငါးဂိုးသွင်းယူထားတာကြောင့် ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီနဲ့အတူ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေပြီး ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ရွှေဖိနပ်ဆုရှင်ဖြစ်လာဖို့လည်း အခွင့်အရေးတစ်ရပ်ရရှိတော့မှာ ဖြစ်ပါတယ်။

ဒ့ါပြင် တိုက်စစ်မှူးမက်ဆီဟာ ကစားသမားဘဝတစ်လျှောက် အာဂျင်တီးနားအသင်းနဲ့အတူ ကမ္ဘာ့ဖလားသွင်းဂိုး ၁၁ ဂိုးအထိရှိလာခဲ့ပြီး အာဂျင်တီးနားအသင်းအတွက် ကမ္ဘာ့ဖလားသွင်းဂိုးအများဆုံးစံချိန်ကိုလည်း တင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့တဲ့ ၂၀၁၄ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်လုပွဲကို နောက်ဆုံးအကြိမ်တက်လှမ်းခဲ့ပြီး အဲဒီပွဲစဉ်မှာ ဂျာမနီအသင်းကို ဂေါ့ဇီရဲ့တစ်လုံးတည်းသောသွင်းဂိုးကို ခွင့်ပြုပေးလိုက်ရတာကြောင့် ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခွင့်နဲ့ လွဲခဲ့ရတာ ဖြစ်ပါတယ်။

လက်ရှိမှာ အာဂျင်တီးနားအသင်းဟာ ခရိုအေးရှားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခဲ့ပြီဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲမှာ မော်ရိုကိုအသင်းနဲ့ ပြင်သစ်အသင်းတို့ထဲက အနိုင်ရရှိခဲ့တဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

**ငွေကြယ်**

**◆ ၂၀၂၃ ရာသီမှ**

၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် တက္ကသိုလ်အသင်း၊ ဒုတိယရခဲ့သည့် Junior Lions (ခ) မြန်မာ ယူ-၁၉ လက်ရွေးစင်အသင်းတို့မှာ တန်းမတက်သဖြင့် တတိယရသည့် ဒဂုံစတားယူနိုက်တက်နှင့် အဆင့် ၄ ရသည့် ကချင်ယူနိုက်တက်အသင်းတို့က အစားထိုးတန်းတက်ခွင့်ရမည်ဖြစ်သည်။ ၂၀၂၃ ရာသီ MNL ပြိုင်ပွဲကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှ စက်တင်ဘာလအထိ ကျင်းပမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲကို ၂၀၀၉ ခုနှစ်မှစတင်ကျင်းပခဲ့ပြီး ၂၀၂၁ ခုနှစ်မှလွဲ၍ ကျန်နှစ်များတွင် ပုံမှန်အတိုင်းကျင်းပနိုင်ခဲ့သည်။ ကျင်းပပြီးစီးခဲ့သည့် ၁၃ ကြိမ်တွင် ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံနှင့် ရှမ်းယူနိုက်တက်အသင်းက လေးကြိမ်စီ ဗိုလ်စွဲထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံး သုံးရာသီဆက်တိုက် ဗိုလ်စွဲထားပြီး ၂၀၁၉ နှင့် ၂၀၂၂ ရာသီတွင် ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **ကိုညီလေး**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၂၆)၊ဒေါ်ခင်ရီ [၁၂/မရက(နိုင်)၀၂၇၈၂၆] အမည်ပေါက်သော မြေချပါမစ်မြေကွက်၊ (၂)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၁၂၆)ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ ၃ ½ တိုက်၏ မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း(ခေါင်းရင်းခန်း)၊ ဒုတိယအထပ် (၃)လွှာ (အေ)၊ အကျယ်အဝန်း(အလျား ၁၂ပေ x အနံ ၅၀ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆက်စပ်စာချုပ်များဖြင့် လက်ရောက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းခိုင် [၁၄/မမန(နိုင်) ၁၄၁၈၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစိုးရာဇာ[၅/အရတ(နိုင်)၁၆၂၁၅၉] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီးအရောင်းအဝယ် ပြုလုပ်သည့်တိုက်ခန်းအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးစိုးရာဇာ**
**[၅/အရတ(နိုင်)၁၆၂၁၅၉]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီစိုး(LL.B,D.B.L,D.I.L,D.I.P.L,D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၉၄၈)**
**အမှတ်(၃၁/အေ)၊ မြေညီထပ်၊ ကန်လမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၁၈၆၃၈၈**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အမှတ်-၂၅၀၁၊ နဝဒေးလမ်း၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့နယ်နေ မသက်ထားဆွေ[၁၂/ဒလန(နိုင်)၀၈၄၈၂၆]၏ ဖခင် ဦးဝင်းဇော်နှင့် ဦးဝင်းဇော်ထက် [၈/မကတ(နိုင်)၁၇၉၆၄၅] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းဇော်(ခ)ဦးဝင်းဇော်ထက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၃)၊ မြေကွက်တည်နေရာအမှတ်(၃)၊ ဗန္ဓုလလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးထွန်းကြည်(ISN-၄၉၇၉၃၈) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်) အမည်ပေါက်မြေအား အမည်ပေါက်ဦးထွန်းကြည်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မြမြ [၁၂/အစန(နိုင်)၀၉၀၃၈၃] မှ မိမိသည်သာ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားသော ဇနီးမယားမရှိပါကြောင်း၊ မိမိသာလျှင် တရားဝင် အမွေဆက်ခံခွင့်ရှိသူဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ခင်ပွန်း) ဦးထွန်းကြည်၏ သေဆုံးမှုလက်မှတ်၊ ဂရန်၊ (နိုင်)ကတ်၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ပင်းယ(၄)လမ်း၊ မြေကွက်အမှတ် (၇၂၀)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးကျော်(AA-082113) အမည်ပေါက်မြေချပါမစ်မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍အများသိစေရန်ကြေညာခြင်း။**

အထက်ဖော်ပြပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဒေါ်ခင်လေးထိုက် (၁၂/တမန (နိုင်) ၀၀၁၇၁၃)**ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**
တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၈၃၃)
အမှတ်–၅၀၊ ပ–ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၇၈၅၅၅၀၂၅၄

**ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈/စီ)၊ မြေကွက်အမှတ် (၈၆၇)၊ (၂၅ပေx၅၀ပေ)ခန့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် (၁၀)၊ ခတ်လှေကားပါ HALL TYPE (၈) ထပ်တိုက်၊ (၄)လွှာ၊ ဝေဠုဝန်လမ်းကျယ်၊ ၀ေ/တောင်ရပ်ကွက်၊ အကျယ်အဝန်း (၂၃x၄၈)ပေ ရှိသည့် တိုက်ခန်းအား ဒေါ်ထက်မြတ်ခိုင် [၁၂/ကမတ(နိုင်)၀၆၆၂၃၇] တစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ဒေါ်ထက်မြတ်ခိုင် [၁၂/ကမတ(နိုင်)၀၆၆၂၃၇] ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈/စီ)၊ မြေကွက်အမှတ် (၈၆၇)၊ (၂၅ပေx၅၀ပေ)ခန့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အမှတ်(၁၀)၊ ခတ်လှေကားပါ HALL TYPE (၈) ထပ်တိုက်၊ (၄)လွှာ၊ ဝေဠုဝန်လမ်းကျယ်၊ ၀ေ/တောင်ရပ်ကွက်၊ အကျယ်အဝန်း (၂၃x၄၈)ပေ ရှိသည့် တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်မြတ်ခိုင် [၁၂/ကမတ(နိုင်)၀၆၆၂၃၇] တစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**FUTURE BRIGHT LAW FIRM**

| | | |
|---|---|---|
| **ဒေါ်မိုးမိုးအေး** | **ဒေါ်မို့မို့ထွဋ်** | **ဒေါ်နန်းရည်မွန်ဦး** |
| **LL.B, D.B.L, D.M.L, D.I.L, D.C.W.E** | **LL.B,DBL,DIPL** | **LL.B,D.B.L,D.I.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၈၅၅၈)** | **(စဉ်–၁၂၀၆၄)** | **(စဉ်–၁၆၅၇၅)** |

| | | | |
|---|---|---|---|
| **ဒေါ်ဝင်းရတနာလှိုင်** | **ဒေါ်ခိုင်သန္တာလွင်** | **ဒေါ်သွယ်သွယ်မြ** | **ဒေါ်ယုနန္ဒာအောင်** |
| **LL.B** | **LL.B,DBL, MA(Business Law)** | **LL.B** | **LL.B** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၃၈၉၁၄)** | **(စဉ်–၅၁၈၂၃)** | **(စဉ်–၅၃၃၂၄)** | **(စဉ်–၅၃၅၁၀)** |

**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၅၃၅၈၂၇၀**

**(၂၈–၉–၂၀၂၂)ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ–၂၀ ပါ ဦးသက်လွင်(ခ) ဦးဒါဝတ်(ဘ) ဦးဟာရှင် [၁၂/သလန(နိုင်)၀၇၉၅၈၁]၏ အများသိစေရန် အသိပေးကြေညာခြင်းနှင့် (၆–၁၀–၂၀၂၂)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ–၂၅ ပါ ဒေါ်ရီရီ [၁၂/မဂတ(နိုင်)၀၁၄၆၀၂]၊ ဦးစန်းငွေ [၁၂/မဂတ(နိုင်)၀၆၉၈၆၀]၊ ဒေါ်ခင်မာဝေ [၁၂/မဂတ(နိုင်)၀၁၅၆၀၁]တို့၏ အများသိစေရန် အသိပေးကြေညာချက်များနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော သန်လျင်မြို့၊ ဒါရ်ဂါရပ်ကွက်၊ ဒါရ်ဂါလမ်း၊ အမှတ်(၁၄)နေ ဦးသက်လွင်(ခ)ဦးဒါဝတ် (အဖ) ဦးဟာရှင် [၁၂/သလန(နိုင်)၀၇၉၅၈၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဒါရ်ဂါရပ်ကွက်၊ ဒါရ်ဂါလမ်း၊ အမှတ်(၁၄)ဟု ခေါ်တွင်သော ဧရိယာ ပေ(၂၀x၇၀)မြေနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အိမ်ပိုင်ရှင်များဖြစ်ကြသည့် ဒေါ်ရီရီ၊ ဦးစန်းငွေ၊ ဒေါ်ခင်မာဝေ၊ ဒေါ်တင်တင်(ကွယ်လွန်)၏ သမီးနှစ်ဦးဖြစ်သည့် ဒေါ်ဥမ္မာချိုနှင့် ဒေါ်သော်တာချိုတို့နှင့် ကျွန်ုပ်မိတ်ဆွေ ဦးသက်လွင်(ခ) ဦးဒါဝတ်တို့သည် သန်လျင်မြို့၊ ဒါရ်ဂါရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် (၁–၁၁–၂၀၂၂)ရက်နေ့တွင် နှစ်ဦးသဘောတူညှိနှိုင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးသက်လွင်(ခ)ဦးဒါဝတ်မှ (၁၅–၁၂–၂၀၂၂)ရက်တွင် သန်လျင်မြို့၊ ဒါရ်ဂါရပ်ကွက်၊ ဒါရ်ဂါလမ်း၊ အမှတ် (၁၄)ဟု ခေါ်တွင်သည့် အိမ်နှင့်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အထက်အမည်ပါ မူလအိမ်ပိုင်ရှင်များထံ အပြီးပိုင်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေသည် ကျွန်တော့်မိတ်ဆွေဖြစ်သူ ဦးသက်လွင်(ခ) ဦးဒါဝတ် အနေဖြင့် ပိုင်ဆိုင်အကျိုးခံစားခွင့် တစ်စုံတစ်ရာ လုံးဝ(လုံးဝ)မရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးသက်လွင်(ခ) ဦးဒါဝတ်** | **ဒေါ်လှလှနွယ်(LL.B)** |

**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၈၇/၂၈–၁၀–၂၀၁၀)**
**အမှတ်(၉/၁၁)၊ အခန်း(၁၀၃/E)၊ ၃၆ လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-953139375**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

**ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊စမ်းချောင်း(တောင်)ရပ်ကွက် မင်းလမ်း၊တိုက်အမှတ်(၆၄)ဟုခေါ် သော(၃)ခန်းတွဲ (၂)ထပ်၊ပောင်ကောင်ပုံစံကန်ထရိုက်တိုက်၏(ပထမထပ်) (၃–လွှာ+၄–လွှာ)(အလယ်ခန်း/ဘီ)တိုက်ခန်းတွဲ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း**

အထက်ပါတိုက်ခန်းအား အရောင်းအဝယ်ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်ထားကြသူ ၁။ဒေါ်ညိမ်းညိမ်းစိုး(BSN/W-187086) ၂။ဒေါ်သီတာစိုး(BSN/W-189038) ၃။ဦးထင်ဇော်စိုး(BSN/W-205961)တို့က တရားဝင်ပိုင်ရှင်များအဖြစ် အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် ဦးထင်ဇော်စိုး ၏ကိုယ်စား စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအရ ဒေါ်သီတာစိုး ကလက်မှတ်ရေးထိုးရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။(လွှဲအပ်ညွှန်ကြားချက်များအရ)

| | |
|---|---|
| **ဦးသန့်ဇင် ( LL-B )** | **ဒေါ်ဟန်နွေနိုင်( LL-B)** |
| **အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)** | **အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄)** |
| **Ph-09 253995848 , 09-798420119** | **Ph-09-4200 73685** |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2) ၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(ဇ)၊ မြေကွက်အမှတ်– ၄၁၁၊ (၂၀ပေx၆၀ပေ)၊ နှစ်(၆၀)ဂရန်၊ အမှတ်–၄၁၁၊ ဣန္ဒာ(၁)လမ်း၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် မြေကွက်နှင့် နှစ်ထပ်အိမ်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အား ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေသည် ဦးမြင့်သွင်သို့ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်ခြင်း မရှိပါက ဆက်လက်ငွေချေအရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝယ်သူ၏တာဝန်အရ အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရန်နိုင်ဦး (အထက်တန်းရှေ့နေ)**
**(စဉ်–၄၆၇၁၆)**
**"ဝင်းထက်" ဥပဒေလမ်းညွှန်နှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း**
**အမှတ်–၁၄၀(ဒု–ထပ်)၊ ၃၉–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉– ၄၄၃၀၃၄၇၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၅) ရပ်ကွက်၊ ရွှေဖီဗိုင်ညာလမ်း၊ အမှတ်–၂၇၄ (က)၊ မြေတိုင်းရပ်ကွက်အမှတ်–၁၅၊ မြေကွက်အမှတ်–၂၇၄ (က)၊ (အလျား ၂၀' × အနံ ၆၀') အကျယ်ရှိ ဦးညွန့်သိန်း အမည်ပေါက် နှစ် (၆၀) ဂရန်မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဦးညွန့်သိန်းကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခလေးမ (၁၂/ဥကတ (နိုင်) ၀၇၆၅၅၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်အေးအေးမြင့် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၅၈)
အမှတ် – ၅၀၊ ပထမထပ်၊ အခန်းအမှတ် (A-1)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၅၀၆၄၆၆၇

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ အမှတ်–၁၉/အေ နေ ဒေါ်အေးအေးမာ [၁၀/သဖရ(နိုင်) ၀၀၁၃၃၇] ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးအေးမာသည် ဗိုလ်မှူးကြီးဇော်မြင့်စန်း [၁/မကန(နိုင်)၀၅၁၈၇၁] ကိုင်ဆောင်သူထံမှ (၅–၈–၂၀၁၃)ရက်၌ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၆/ဘီ၊ မြေကွက်အမှတ်– ၈၆၊ အကျယ်အဝန်း (၈၀ပေ x ၈၀ပေ)၊ အမည်ပေါက်ဗိုလ်မှူးကြီး ဇော်မြင့်စန်း၊ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းဖိုးငွေ အပြည့်အဝပေးချေပြီး ယင်းနေ့၌ပင် အထက်ဖော်ပြပါ မြေကွက်အား ဥပဒေနှင့်အညီ ပိုင်ဆိုင်လက်ဝယ်ရရှိသွားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးတည်းပိုင် အထက်ပစ္စည်းစာရင်းပါ မြေကွက်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အား မပြုလုပ်ရန် အသိပေးလိုက်သည်။ ပြုလုပ်ပါက ပြုလုပ်သူနှင့် ပါဝင်ပတ်သက်သူတို့အပေါ် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B)** | **ဒေါ်မိုးမိမိခိုင်(LL.B)** |
| **(စဉ်–၅၃၃၆၉)** | **(စဉ်–၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်–၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၄၅၅၆၇၇၆၁၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ–၅)၊ လူနေရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်– ၂၄(ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၂)ရပ်ကွက်၊ သခင်မြလမ်း၊ အမှတ်–၂၄(ခ) ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ မိခင် **ဒေါ်ခင်ရွှေ** ကွယ်လွန်၍ ၎င်း၏ သားသမီးများဖြစ်ကြသည့် **ဦးအေးကို [၁၂/လမန(နိုင်)၁၀၆၉၉၆]+ ၂** တို့မှ ၎င်းတို့ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ **ဦးတင့်ကျော်ထူး [၁၂/အလန(နိုင်)၀၀၀၃၆၃]**မှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်မင်းသူ့နန္ဒဖြိုး** | **ဒေါ်စုစုမွန်** |
| **(LL.B, D.I.P.L)** | **(LL.B, D.B.L, D.I.L, D.I.P.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၂၈၄၆)** | **(စဉ်–၁၃၄၉၆)** |

**ZILLION SM LAW FIRM ဖုန်း–၀၉– ၇၉၉၆၆၄၅၅၇၊ ၀၉– ၇၉၉၆၆၄၅၅၆**
**အမှတ်–၁၀၀၇၊ (၁၂+၁) ပါရမီကွန်ဒို၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မောင်ကျော်ဝင်းစိုး [၁၁/မဥန(နိုင်)၁၃၂၀၈၉]၏ ဖခင် ဦးကြွင်းကျော်အောင်(ခ) ဦးကြွင်းကျန်အောင်[၁၁/မဥန(နိုင်) ၀၁၈၇၁၅] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကြွင်းကျော်အောင် (ခ)**
**ဦးကြွင်းကျန်အောင်**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ဒလမြို့နေ ဦးဝင်းမောင်၏ သမီး ဒေါ်ဆုမြတ်နိုး [၁၂/ဒလန(နိုင်)၀၆၆၀၅၀]နှင့် ဆုမြတ်နိုးဖူးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဆုမြတ်နိုး(ခ)ဆုမြတ်နိုးဖူး**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "**အဏ္ဏဝါစိုး–၇**" အမည်ရှိ ငါးဖမ်းရေယာဉ်(မှတ်ပုံတင်နံပါတ်–ON–4078)၊စုစုပေါင်းတန်ချိန်–၈၅.၄၄၊ အလျား(၆၇.၉၁)ပေ၊ အနံ(၂၀.၀၈)ပေ၊ ဝန်းလုံး(၃၄.၃၃)ပေအား ရေယာဉ်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးချစ်ဖေ [၆/ဘပန(နိုင်)၀၁၆၃၀၈] ဝါးကျွန်းကျေးရွာ၊ ဘုတ်ပြင်းမြို့နယ် အမည်မှ ဒေါ်စိုးမြတ်ခင် [၆/ကသန(နိုင်)၀၉၉၃၇၆] အမှတ်(၁၀၈)၊ ရွာမ(၁)လမ်း၊ ရွှေဟင်္သာရပ်ကွက်၊ ကော့သောင်းမြို့အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ်(၉)၊ ၇–လွှာ(A)၊ (ခေါင်းရင်းခန်း)၊ (၁၈'x ၆၀') အကျယ်ရှိ တိုက်ခန်းနှင့်တကွ သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်ကို တရားဝင်လက်ရောက်ရရှိထားသော ပိုင်ရှင်ဖြစ်သူ ဒေါ်သူဇာကို [၁၂/တမန(နိုင်) ၀၃၃၈၉၉]မှ ရောင်းချမည်ဖြစ်ကြောင်း အဆိုပြုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံ သော စာရွက်စာတမ်း မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းညွန့်(စဉ်–၃၄၁၉/၈၅) ဒေါ်အေးမြတ်သူ(စဉ်–၁၄၀၆၀/ ၁၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉– ၄၄၃၀၃၅၄၂၂၊ ၀၉– ၄၂၁၁၃၀၅၂၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ကန်/တောင်)ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၆/၈)၊ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ ၄–လွှာ (ခြေရင်းခန်း) တိုက်ခန်းနှင့်တကွ သက်ဆိုင်သောအကျိုးခံစားခွင့် အရပ်ရပ်ကို တရားဝင် လက်ရောက်ရရှိထားသော ပိုင်ရှင်ဖြစ်သူ ဦးရဲမြင့်(ခ)မူဆလင် [၁၂/မဂတ(နိုင်)၁၁၄၃၆၂]မှ ရောင်းချမည်ဖြစ်ကြောင်း အဆိုပြုသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင် အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းညွန့် (စဉ်–၃၄၁၉/၈၅)၊ ဒေါ်အေးမြတ်သူ (စဉ်–၁၄၀၆၀/၁၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၄၃၀၃၅၄၂၂၊ ၀၉– ၄၂၁၁၃၀၅၂၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ **စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေများ မတည်ထူထောင်ပေးခဲ့ပြီး ကျန်ရှိသည့်ငွေများမှ MSME လုပ်ငန်းများနှင့် မွေးမြူရေးကဏ္ဍမြင့်တင်ရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထား…**

❖ **MSME လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စည်းမျဉ်းစည်းကမ်းများရေးဆွဲ၍ ငွေကြေးများချေးငှားပေးရန် အဆင်သင့်ရှိ…**

(အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၂၂) အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## ခရိုအေးရှားအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး အာဂျင်တီးနားအသင်း ကမ္ဘာ့ဖလားဗိုလ်လုပွဲတက်လှမ်း

၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလား ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်တစ်ပွဲအဖြစ် ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကာတာနိုင်ငံရဲ့ လူဆေးလ်အားကစားပြိုင်ကွင်းအတွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဂျင်တီးနားအသင်းနဲ့ ခရိုအေးရှားအသင်းတို့ပွဲစဉ်မှာ အာဂျင်တီးနားအသင်းက ခရိုအေးရှားအသင်းကို သုံးဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် အာဂျင်တီးနားအသင်းဟာ ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၃၄ မိနစ်မှာ မက်ဆီက ပင်နယ်တီကနေ တစ်ဂိုးနဲ့ ၃၉ မိနစ်နဲ့ ၆၉ မိနစ်တို့မှာ အယ်လ်ဗာရက်ဇ်က နှစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ ၁၉၇၈ ခုနှစ်နဲ့ ၁၉၈၆ ခုနှစ်တို့မှာ ကမ္ဘာ့ဖလားချန်ပီယံအဖြစ် ဆွတ်ခူး

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❂



အာဂျင်တီးနားအသင်း ကစားသမားများ ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။

## ၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဖေဖော်ဝါရီ ဒုတိယပတ် စတင်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဖေဖော်ဝါရီ ဒုတိယပတ်တွင် စတင်ကျင်းပမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်၏ သတင်းထုတ်ပြန်မှုအရ လိဂ်ကော်မတီအစည်းအဝေး (၃/၂၀၂၂)ဆုံးဖြတ်ချက်အရ MNL အမှတ်ပေးပြိုင်ပွဲကို အသင်းအရေအတွက် ၁၂ သင်း ပြန်လည်တိုးမြှင့်ကျင်းပသွားမည်ဖြစ်ပြီး ၂၀၂၂ ရာသီ MNL ပြိုင်ပွဲတွင် အောက်ဆုံးရပ်တည်မှုရခဲ့သည့် နှစ်သင်းမှာ တန်းဆင်းစရာမလိုတော့ဘဲ ဆက်လက် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ◆

**ယနေ့** ဖတ်စရာ


**ဒသမအကြိမ်မြောက် အာဆီယံဥက္ကဋ္ဌစမ်းပယောဂ်ပြိုင်ပွဲ (ဒေသတွင်းအဆင့်) အောင်မြင်စွာ ကျင်းပပြီးစီး** — စာမျက်နှာ » ၈

**MSME ချေးငွေများဆိုင်ရာ အသိပေးကြေညာချက်** — စာမျက်နှာ » ၁၅

**ဗီယက်နမ်နိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာပြည်ပရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံအထိ ရောက်ရှိလာစေရေး ရည်မှန်းချက်ထားဆောင်ရွက်** — စာမျက်နှာ » ၁၆

**မြဝတီကုန်သွယ်ရေးဇုန်တွင် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ** — စာမျက်နှာ » ၂၂


## ၂၀၂၃ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ မတ်လမှ စက်တင်ဘာလအထိ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

၂၀၂၃ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို မတ်လမှ စက်တင်ဘာလအထိ ကျင်းပရန် စီစဉ်ထားကြောင်း မြန်မာနေရှင်နယ်လိဂ်ကော်မတီက သတင်းထုတ်ပြန်သည်။

**ကြိုးပမ်းလျက်ရှိ**

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲမှာ နိုဝင်ဘာလကုန်ပိုင်းကမှ ပြီးဆုံးခဲ့ခြင်းဖြစ်ပြီး သုံးလကျော်အကြာတွင် ပြန်လည်ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ နောက်ဆုံးကျင်းပသည့် ၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ခုနစ်သင်းဖြင့် ကျင်းပခဲ့ပြီး လာမည့်ရာသီတွင် အသင်းအရေအတွက် တိုးမြှင့်ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာနေရှင်နယ်လိဂ်အနေဖြင့် ပြိုင်ပွဲဝင်အသင်းအရေအတွက်ကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို လာမည့်ရာသီတွင် ငါးရာသီမြောက်ကျင်းပမည်ဖြစ်ပြီး ကျင်းပပြီးစီးခဲ့သည့် လေးကြိမ်တွင် မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့က

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✳